မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နမ့်ဆန်မြို့ ကော်မိန်းစေတီတော်နှင့် အရံစေတီတော်များ ရတနာစိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၇

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဧပြီ ၆ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နမ့်ဆန်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ ဝိန်းတုန်စံ(ရွှေစကားပင်) ကုန်းတော်ပေါ်ရှိ ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သစ်သီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

နမ့်ဆန်မြို့ခုတင်(၅၀)ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၆ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်

စာမျက်နှာ ၈ ကော်လံ ၁ *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၈ ရက်)

ယာဉ်အန္တရာယ် ကင်းရှင်းရေး ယာဉ်နှင့်လမ်းစည်းကမ်း တိကျစွာ လိုက်နာပြုမူကျင့်ကြံ

ဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ယခုနှစ် မတ်လ ၂၃ရက်နေ့က ကျင်းပခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မြန်မာနိုင်ငံ၌ ဧပြီလ ၁ရက်နေ့မှ ၇ရက်နေ့အထိ ကျင်းပခဲ့သည်။

ကမ္ဘာပေါ်၌ ယာဉ်တိုက်မှုဖြစ်နှုန်းများကို ဆန်းစစ်ကြည့်ပါလျှင် တစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာပြီး တစ်ကမ္ဘာလုံးအနေဖြင့် ယာဉ်တိုက်မှုကြောင့် တစ်နေ့လျှင် လူ ၃၀၀၀ခန့် သေဆုံးပြီး ၆၀၀၀၀ခန့် ဒဏ်ရာရရှိနေကြောင်း မှတ်တမ်းများက ပြဆိုသည်။ ယင်းသို့သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ လျော့နည်းကျဆင်းရန်ရည်ရွယ်၍ ယခုကဲ့သို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် သတ်မှတ်ကာ တစ်ကမ္ဘာလုံး လွှမ်းခြုံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ဦးဆောင်၍ အခြားသော အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ယာဉ်လိုင်းများနှင့် လူစည်ကားသော နေရာများဖြစ်သည့် ယာဉ်ရပ်မှတ်တိုင်များ၊ မီးပွိုင့်များအစရှိသည့်နေရာများသို့ ကွင်းဆင်းကာ ပညာပေးခြင်းများပြုလုပ်ခြင်း၊ ပညာပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ လမ်းသစ်များဖွင့်လှစ်ခြင်းအစရှိသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ယာဉ်အန္တရာယ်ကင်းဝေးရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများလိုက်နာရန်အတွက် ပညာပေးပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်လေ့ရှိပြီး ၂၀၁၀ခုနှစ်အတွင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီကကြီးမှူး၍ တတိယအကြိမ် နေပြည်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ပြပွဲ၊ ပြိုင်ပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၆ရက်က နေပြည်တော်ပျဉ်းမနား အောင်မင်္ဂလာကားကွင်း၌ ကျင်းပခဲ့သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ယာဉ်မောင်းသူများနှင့် ခရီးသွားပြည်သူအားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် သတ်မှတ်ချက် စည်းကမ်းများကို လက်တွေ့ပြုမူကျင့်ကြံသွားကြမည်ဆိုပါက ယာဉ်အန္တရာယ် လျော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ဓမ္မဂီတ
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ပါဝေယျက ဆင်ကြီးဖွက်ကျွံခန်း** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၆:၄၅ ဖူးမည်အမှန်…ထူးမည်ဧကန် … မာရ်ငါးမာရ်
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၄)
၈:၃၀ Sports World (Contenders Germany)
၈:၅၅ ခါသကြ်ံနအဆိုအက
၉:၁၀ Activities in the City **သင်္ကြန်အတွက် ရေစိုခံ SONY TX5 Camera**
၉:၁၅ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၉:၄၀ ဟိုတယ်လမ်းညွှန် (Hotel by the Red Canal)
၁၀:၀၀ ပီတိကလှိုင် ပန်းကမြိုင်
၁၀:၂၅ ဖက်ရှင်လမ်းညွှန် 2010 သင်္ကြန်ဖက်ရှင် Hair Style (Li Li)
၁၀:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်နှင့်ကံ**
၁၁:၁၀ Make In A Delicious Way (စင်ကာပူနိုင်ငံမှ စွဲမက်ဖွယ်ရာ အစားအစာများ)
၁၁:၃၀ သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
၁၁:၅၅ ဂီတသရုပ်ပြခန်း(April Queen)
၁၂:၂၀ ဈေးဝယ်လမ်းညွှန် (One Star ရဲ့ သင်္ကြန်ဖက်ရှင်)
၁၂:၄၀ ခါသကြ်ံနအဆိုအက
၁:၀၀ **ပါဝေယျက ဆင်ကြီးဖွက်ကျွံခန်း** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (သင်္ကြန်ဖက်ရှင်-၁)
၃:၁၅ ပီတိကလှိုင် ပန်းကမြိုင်
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၄)
၄:၁၀ ခါသကြ်ံနအဆိုအက
၄:၂၅ စိတ်ကူးတို့နှင့် မြမြင့်မိုရ်
၄:၄၅ အရောက်လာခဲ့မည် ရွှေမြန်မာပြည်
၅:၁၅ Activities in the City **သင်္ကြန်အတွက် ရေစိုခံ SONY TX5 Camera**
၅:၃၀ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဖက်ရှင်လမ်းညွှန် 2010 သင်္ကြန်ဖက်ရှင် Hair Style (Li Li)
၆:၃၅ ဈေးဝယ်လမ်းညွှန် (One Star ရဲ့ သင်္ကြန်ဖက်ရှင်)
၆:၅၀ လူကြီးမင်း: Cell Phone Villa ကံထူးရှင်ရွေးချယ်ပွဲ
၇:၀၀ Fashion Music Festival (သင်္ကြန်ဖက်ရှင်-၁)
၇:၃၀ အရောက်လာခဲ့မည် ရွှေမြန်မာပြည်
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဟိုတယ်လမ်းညွှန် (Hotel by the Red Canal)
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၂၀ လူကြီးမင်း: Cell Phone Villa ကံထူးရှင်ရွေးချယ်ပွဲ
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၄)
၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်နှင့်ကံ**
၁၀:၂၀ ဂီတသရုပ်ပြခန်း (April Queen)
၁၀:၄၀ Make In A Delicious Way (စင်ကာပူနိုင်ငံမှ စွဲမက်ဖွယ်ရာ အစားအစာများ)
၁၁:၀၀ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၁၁:၂၀ **လောကရဲ့အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၁၁:၃၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၁၁:၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ခါသကြ်ံနအဆို၊ အကများ
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ ခါသကြ်ံနအဆို အကများ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ **သုံးပင်နှစ်ဆယ်**
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံး ပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဇွဲကပင်ယူနိုက်တက် F.C နှင့် နေပြည်တော် F.C)
၅:၀၀ ၂။ ခါသကြ်ံနအဆို၊ အကများ
၅:၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၀ ၅။ ခါသကြ်ံနအဆို အကများ
၅:၄၅ ၆။ ခါသကြ်ံနအဆို အကများ
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ ပျော်ရွှင်စေသောနေ့ရက်များ **ချစ်သူကော်ဖီ** (အပိုင်း-၁) သူရလင်း၊ မေတ္တာ၊ နန်းဆု ရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၂၅)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၆)
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၃၄)
၁၇။ အစီအစဉ်ပြီး၏။

မင်္ဂလာတောင်ညွန့် အထက(၁) မြတ်ဆရာ ပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁) (ယခင်ကန်တော်ကလေးစတိတ်)တွင် ၁၉၅၂ ခုနှစ်မှ ၂၀၀၉ အထိ ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမကြီး ၈၀တို့အား ကျောင်းသား ကျောင်းသူဟောင်းများက သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၄ရက်က အထက(၁) မြတ်မင်္ဂလာခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

သြဝါဒစကား

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူဟောင်း ၄၀၀ကျော်တို့က ဆရာ ဆရာမကြီးများအား လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။ ဆက်လက်၍ ပူဇော်ကန်တော့ငွေနှင့် ပစ္စည်းများပေးအပ်ကြပြီး ကျောင်းသားဟောင်း ဒုတိယ ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)က ကျောင်းသားကျောင်းသူဟောင်းများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အပူဇော်ခံကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးအောင်ကြွယ်က သြဝါဒစကားပြောကြားသည်။ (၁၂၃)

မတ် ၂၈ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားရင်ပြင်တော်ပေါ်တွင် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော ယဉ်ကျေးလိမ္မာလူငယ်များသင်တန်း၌ ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ် (ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်) ဟောပြောစဉ်။ (မြန်မာ့အလင်း)

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး နမ့်ဆန်မြို့ ကော်မိန်း(မြို့တည်)စေတီတော်ရှိ ဗုဒ္ဓရုပ်ပွား တော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး နမ့်ဆန်မြို့ ကော်မိန်း(မြို့တည်) စေတီတော် ပင်မစေတီတော်၏ အထွတ်ထိပ်၌ စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ကပ်လှူပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာမုနိ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မဟာမုနိဘုရားကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီး ဘက်စုံ ပြုပြင်မွမ်းမံထားရှိမှုများကို ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့ ကော်မိန်း(မြို့တည်)စေတီတော်နှင့် အရံစေတီတော် များ ရတနာစိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သာသနာ့အလံကိုင်များ ဦးဆောင်ကာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ပင်မစေတီတော် စိန်ဖူးတော်ကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဒုတိယအရံစေတီ တော်၏ စိန်ဖူးတော်ကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က တတိယအရံစေတီတော်၏ စိန်ဖူးတော်ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ က စတုတ္ထအရံစေတီတော်၏ စိန်ဖူးတော်ကိုလည်းကောင်း အသီးသီးပင့်ဆောင်၍ သက်ဆိုင်ရာစေတီတော်များ၏ အထွတ်ငြမ်းအထက်တို့သို့ တက်ရောက်နေရာယူကြသည်။

တင်လှူပူဇော်

မင်္ဂလာအချိန်ရောက်ရှိချိန်၌ ပင့်ဆောင်လာသော စိန်ဖူးတော်များအား သက်ဆိုင်ရာ စေတီတော်များ၏ အထွတ်ထိပ်သို့ တင်လှူ ပူဇော်ကြပြီး ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော် ကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျောက်ဖြူ မိခင်/ကလေးစောင့်ရှောက်ရေးအသင်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းရန် အလှူငွေများ ပေးအပ်လှူဒါန်း

ကျောက်ဖြူ ဧပြီ ၇

ကျောက်ဖြူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် အဆောက်အအုံ ကို ပြင်ဆင်ထိန်းသိမ်းရေးအတွက် အလှူငွေ ကျပ် ၃၁သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်း အနားကို မတ် ၃၁ရက် နံနက် ၉နာရီက ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပ သည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဦးမိုး အောင်လွင်က လှူဒါန်းရခြင်းနှင့်ပတ်သက် ၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ၁၉၆၂ခုနှစ်ကာလတွင် ကျောက်ဖြူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဘဏ္ဍာငွေရှာဖွေရေးတာဝန်ဖြင့် လက်ရှိအဆောက်အအုံကို ဆောက်လုပ်ခဲ့ သော မိခင်ကြီး ဒေါ်ဖြူ၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အလှူငွေ ၃၁သိန်းကို အလှူရှင် မိသားစုဝင်များဖြစ်ကြသည့် ဦးမိုး အောင်လွင်၊ ဒေါ်ဆွေဆွေမောင်၊ ဦးမောင် မောင်ဝင်းတို့က ပေးအပ်လှူဒါန်းရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးက လက်ခံယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ၁၉၆၂ခုနှစ်ကာလက ကျောက်ဖြူမြို့နယ် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း အလုပ်အမှုဆောင်များ ဖြစ်ကြသည့် အဖွဲ့ဝင်ဟောင်း လေးဦးအား အလှူရှင်မိသားစုက ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်သည်။

(ခရိုင်ပြန်/ဆက်)

A A Electronics Ltd.

သင်္ကြန်အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၇

Samsung, Star နှင့် Fuji အစရှိ သော Electronics ပစ္စည်းများကို တစ်ဦး တည်းကိုယ်စားလှယ်ဖြစ်သည့် AA Electronics Ltd. ၏ မဟာသင်္ကြန် အထူး ဈေးရောင်းပွဲတော်ကို မတ် ၁၃ရက်မှ ဧပြီ ၁၂ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၇နာရီအတွင်း ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း နှင့် ၃၅လမ်းထောင့်ရှိ Samsung Showroom၊ ပန်းဆိုးတန်းလမ်းရှိ Samsung Showroom၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ Samsung Showroom နှင့် Star Showroom များ၌ ၁၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ ဈေးနှုန်းလျှော့ချမှုနှင့် အထူးလက်ဆောင်တို့ ဖြင့် ရောင်းချပေးလျက်ရှိရာ Samsung, Star, Fuji Electronics ပစ္စည်းများကို မိတ်ဟောင်းမိတ်သစ်များက အထူးဝယ်ယူ အားပေးလျက်ရှိကြသည်။

ရောင်းချ

အဆိုပါ ဈေးရောင်းပွဲတော်တွင် Samsung Electronics ကုန်ပစ္စည်းများဖြစ် သည့် LED/LCD/CRT ရုပ်မြင်သံကြား ဖမ်းစက်အမျိုးမျိုး၊DVD Player အမျိုးမျိုး၊ နောက်ဆုံးပေါ် Camera အမျိုးမျိုးအပြင် Air Con, Refrigerator, Washing Machine များနှင့် Star, Fuji Electronics ကုန်ပစ္စည်းများဖြစ်ကြသော LCD, TV, VCD, EVD, Aircooler, Fan, Watercooler, Freezer တို့ကို ရောင်းချလျက်ရှိသည်။

ပိုမိုကောင်းမွန်

Samsung ရေခဲသေတ္တာသည် အနံ့ဆိုး များ ဖယ်ရှားပေးသော Deodorizer နည်း ပညာဖြင့် ပိုးမွှားများကို သုတ်သင်ရှင်းလင်း ပေးသည့် Silver Nano နည်းပညာ ပါရှိခြင်း၊ လျှပ်စစ်မီး ပြတ်တောက်သွား သောအခါတွင် အအေးဓာတ်ကို သာမန်ရေခဲ သေတ္တာထက် အချိန်ပိုမိုကြာမြင့်အောင် ထိန်းသိမ်းထားနိုင်သော MR.Cool Pack နည်းပညာနှင့် နောက်ဆုံးပေါ် ခေတ်မီဒီဇိုင်း သစ်များဖြင့် ထုတ်လုပ်ထားခြင်း၊ Samsung Air Con သည်လည်း သန့်ရှင်း လတ်ဆတ်အေးမြသောလေကို ထိတွေ့ခံစား ရုံသာမက အခန်းအတွင်းရှိ ပိုးမွှားများကို လည်း ရှင်းလင်းပေးသည့် Silver Nano နည်းပညာပါရှိခြင်း၊ မီးအားလျော့ကျလျှင် လည်း အအေးဓာတ်ကိုဆက်လက် ထုတ်ပေး နိုင်ပြီး မီးပျက်သွား၍ မီးပြန်လာလျှင်လည်း အလိုအလျောက် ပြန်လာသည့် Auto Restart Function ပါရှိခြင်းတို့နှင့် ပြည့်စုံ သည်။ Star, Fuji Electronics ပစ္စည်း များသည်လည်း အခြား CRT TV ပစ္စည်း များထက် အသံပိုင်း၊ ရုပ်ပိုင်း၊ Design နည်းပညာပိုင်းများတွင် ပိုမိုကောင်းမွန်ခြင်း ပါရှိသည်။

ဝယ်ယူနိုင်

ယခုကျင်းပသော မဟာသင်္ကြန်အထူး ဈေးရောင်းပွဲတော် ပြခန်းများတွင်သာမက အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ် ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင် ကြောင်းနှင့် ယခု Promotion အစီအစဉ် ကို လက်မလွတ်စေရန် မိတ်ဟောင်း မိတ်သစ်များအား အထူးသတင်းကောင်းပါး ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သစ်တောရေးရာ ဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထား လိုက်သည်။

လှိုင်မြို့နယ် ယဉ်ကျေးလိမ္မာသင်တန်းဖြစ်မြောက်ရေးအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်သော လှိုင်မြို့နယ်လုံး ဆိုင်ရာ ယဉ်ကျေးလိမ္မာဆုရ ကျောင်းသားကျောင်းသူများနှင့် ၂၀၀၉ တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင်၊ ငါးဘာသာဂုဏ်ထူးရှင်၊ မြန်မာစာဂုဏ်ထူးရှင်၊ အင်္ဂလိပ်စာဂုဏ်ထူးရှင်နှင့် ဘောဂဗေဒဂုဏ်ထူးရှင်များ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက်က ကျင်းပရာ ဆုပေးပွဲဖြစ်မြောက်ရေးနာယက အလှူရှင်ဦးမောင်မောင် (ရွှေစံအိမ်)က ဆုပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (၁၂၈)

ပါကစ္စတန်လေတပ် စစ်ရေးလေ့ကျင့်မှုပြပွဲပြုလုပ် ကာကွယ်ရေးစွမ်းရည်အပြည့်ရှိကြောင်း ဝန်ကြီးချုပ် ရာဇာဂီလာနီပြောကြား

အစ္စလာမ္မာဘတ် ဧပြီ ၇

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ သဲကန္တာရတစ်ခု၌ ပါကစ္စတန်လေတပ် (ပီအေအက်ဖ်)၏ ၂၀၁၀ခုနှစ် စစ်ရေးလေ့ကျင့်မှုပြပွဲကို ဧပြီ ၆ရက်၌ စတင်ဖွင့်လှစ်ကြောင်း ပါကစ္စတန်မီဒီယာများက သတင်းထုတ်ပြန်သည်။

အဆိုပါ လေတပ်စစ်ရေးလေ့ကျင့်မှု ပြပွဲကို ငါးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး စမ်းသပ်ပစ်ခတ်ရာတွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေစိုက်စခန်းများမှ နောက်ဆုံးပေါ် ဒုံးကျည်ပစ်လွှတ်မှုများနှင့် ကျည်ပစ်အားတို့ ပါဝင်သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပါကစ္စတန် ဝန်ကြီးချုပ် ရာဇာဂီလာနီ၊ စစ်ဘက်ဆိုင်ရာ အကြီးအကဲနှင့် ပါကစ္စတန် ပါလီမန်၏ ကာကွယ်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ပြောကြား

ပါကစ္စတန်နိုင်ငံ၏ နယ်စပ်လုံခြုံရေးကို ကာကွယ်ရန်အတွက် ပါကစ္စတန်နိုင်ငံ၏ ကြည်း၊ရေ၊လေတပ်အားလုံးသည် ကာကွယ်ရေးစွမ်းရည် အပြည့်အဝရှိကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ် ရာဇာဂီလာနီက ပြောကြားသွားသည်။

စစ်ရေးလေ့ကျင့်မှုတွင် အက်ဖ်-၁၆ တိုက်လေယာဉ်များနှင့် အခြားသော တိုက်လေယာဉ်များအပြင် ဂျေအက်ဖ်-၁၇သန်ဒါ တိုက်လေယာဉ်ကိုလည်း ပထမအကြိမ် စွမ်းရည်ပြသမည်ဖြစ်ပြီး ဝေဟင်၌ လေယာဉ်ဆီဖြည့်ခြင်း၊ ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်တို့အပြင် အမျိုးမျိုးသော လေကြောင်း စွမ်းအင်ဆိုင်ရာတို့ကို ပြသမည်ဖြစ်သည်။

ပြသ

အဓိက စစ်ရေးလေ့ကျင့်မှုအဖြစ် စစ်ဆင်ရေးအတွင်း ရှာဖွေခြင်းနှင့်ကယ်ဆယ်ရေး၊ ကင်းထောက်လေယာဉ်များ အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြင့် ထောက်ပံ့ပေးပို့ခြင်းနှင့် အကြမ်းဖက် တိုက်ဖျက်ရေးစစ်ပွဲတွင် လေတပ်အကူအညီဖြင့် မြေပြင်စစ်ဆင်ရေးတို့ကို ပြသကြောင်း ဆင်ဟွာက ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်ဝန်ကြီးချုပ် ရာဇာဂီလာနီ

ကယ်ဆယ်ရေးဆောင်ရွက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများအကြားတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို ဧပြီ ၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဆိုမာလီယာ ပြိုင်ဘက်အုပ်စုများ တိုက်ခိုက်မှု ၂၁ဦးသေဆုံး

မိုဂါဒစ်ရှူး ဧပြီ ၇

ဆိုမာလီယာနိုင်ငံ အလယ်ပိုင်းတွင် ပြိုင်ဘက်စစ်သွေးကြွအုပ်စုနှစ်စု အပြင်းအထန်တိုက်ခိုက်ကြရာ ၂၁ဦးထက်မနည်း သေဆုံးပြီး အခြားလူ ၃၀ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

ဒဏ်ရာရရှိ

အယ်လ်ရှာဘတ်အုပ်စုနှင့် ပြိုင်ဘက် အလူဆန်ဒါအုပ်စုတို့သည် ရေ့အီလီဒေသတွင် ဧပြီ ၃ရက်မှစတင်၍ ၄ ရက်အထိ အပြင်းအထန်တိုက်ခိုက်သဖြင့် ၂၁ဦး သေဆုံးပြီး အခြား ၃၃ဦးဒဏ်ရာရရှိသွားကြောင်း ရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။

မြင့်မား

အရပ်ဘက်သေဆုံးမှုမရှိဟု သိရှိရသော်လည်း တိုက်ခိုက်မှု အရှိန်ပြင်းထန်သဖြင့် အုပ်စုနှစ်စုလုံးတွင် သေဆုံးသူဦးရေ မြင့်မားလာနိုင်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပူးပေါင်းစစ်ဆင်

ဆိုမာလီ၌ အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားတို့အား ဆိုမာလီတပ်ဖွဲ့နှင့် အာဖရိကသမဂ္ဂအဖွဲ့တို့ ပူးပေါင်းစစ်ဆင်လျက်ရှိသည်။

(အင်တာနက်)

အီရတ် - အာဖဂန် သတင်းများ

ဘဂ္ဂဒက်မြို့တော်၌ ဗုံးပေါက် ၂၈ဦးသေဆုံး ၉၈ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၇

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြောက်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှု ခြောက်ကြိမ်ဖြစ်ပွားခဲ့ခြင်းကြောင့် ၂၈ဦးသေဆုံးပြီး ၉၈ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၅ရက်၌ ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် အဆောက်အအုံလေးလုံး ဗုံးထိမှန်ခဲ့ပြီး ပြိုကျပျက်စီးသဖြင့် ၂၈ဦးသေဆုံးပြီး ၉၈ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တည်ငြိမ်မှုကင်းမဲ့နေသည့် အီရတ်နိုင်ငံ

ဘဂ္ဂဒက် ဧပြီ ၇

အီရတ်နိုင်ငံ၌ ယခင်လအတွင်းက ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲအပြီး အာလာဝီအနိုင်ရပါတီကို ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာပြီးနောက် ၄င်းနိုင်ငံတစ်ဝန်း ဗုံးပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိကြောင်း ဧပြီ ၆ရက်တွင် ဒေသအာဏာပိုင်များက သတင်းထုတ်ပြန်သည်။

- **ဘဂ္ဂဒက်** - ဘဂ္ဂဒက်မြို့၌ ဧပြီ ၅ရက်တွင် အစိုးရဌာနအဆောက်အအုံများကို ပစ်မှတ်ထားကာ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၄၉ဦး သေဆုံးပြီး ၁၆၀ဒဏ်ရာရခဲ့သည်။
- **ဘာကူဘာ** - ဘာကူဘာမြို့၌ ယင်းနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦး သေဆုံးပြီး သုံးဦးပြင်းထန်စွာ ဒဏ်ရာရရှိသည်။
- **မိုဆူးလ်** - မိုဆူးလ်မြို့ရှိ အရောင်းဆိုင်တစ်ဆိုင်၌ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦးပွဲချင်းပြီးသေဆုံးကာ ကလေးငယ် တစ်ဦးဒဏ်ရာရရှိသည်။
- **ဘာဆာရာ** - ဘာဆာရာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားကိုးဦးသေဆုံးခဲ့သည်။

(အင်တာနက်)

နေတိုးနှင့်အာဖဂန်ပူးပေါင်းစစ်ဆင် တာလီဘန်ခြောက်ဦးသေဆုံး

ကဘူးလ် ဧပြီ ၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တောင်ဘက် ကီလိုမီတာ ၆၀အကွာရှိ လိုဂါပြည်နယ်အတွင်း၌ နေတိုးဦးဆောင်သောတပ်ဖွဲ့၏ အကူအညီဖြင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစစ်ဆင်ရေးဆင်နွှဲခဲ့ရာ စစ်သွေးကြွခြောက်ဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

အဆိုပါစစ်ဆင်ရေးကို လိုဂါပြည်နယ် ခါဝါခရိုင်ရှိ အပါခန်ကျေးရွာ၌ ဧပြီ ၅ရက်က ဆင်နွှဲခဲ့ခြင်းဖြစ်ပြီး စစ်သွေးကြွခြောက်ဦး သေဆုံးခဲ့သည်။ အဆိုပါစစ်ဆင်ရေးနှင့်စပ်လျဉ်း၍ တာလီဘန်တို့ဘက်က တစ်စုံတစ်ရာဝေဖန်ပြောကြားခြင်းမပြုသေးဟု ဆင်ဟွာ သတင်းတွင် ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်တောင်ပိုင်းစစ်ဆင်ရေး အရပ်သားများသေဆုံးကြောင်း ဒေသခံများပြောကြား

လက်ရှ်ကာဂါ့ဟ် ဧပြီ ၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ် ဂါရစ်ခ်ခရိုင်အတွင်း၌ ဧပြီ ၅ရက်က လေကြောင်းစစ်ဆင်ရေးအတွင်း အရပ်သား၂၅ဦး အသက်ဆုံးရှုံးရကြောင်း ဒေသခံများက ထုတ်ဖော်ပြောကြားသည်။

ထိုးစစ်ဆင်

အဆိုပါဒေသအတွင်းရှိ ရာကယ်လ်ကျေးရွာကို လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း စစ်သွေးကြွလေးဦး သေဆုံးခဲ့ကြောင်း ဂါရစ်ခ်ခရိုင် အုပ်ချုပ်ရေးမှူး အဗ္ဗဒူအာဟတ်ခန်က ပြောကြားသည်။ အရပ်သားများ သေဆုံးရသည်ဆိုခြင်းမှာ အခြေအမြစ်မရှိ ပြောကြားခြင်းသာဖြစ်သည်ဟု ၄င်းက တုံ့ပြန်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ ဂါဇာနီဒေသစားသောက်ဆိုင်၌ ဗုံးပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိသူများ ဆေးကုသမှုခံယူနေသည်ကို ဧပြီ ၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ဘဂ္ဂဒက် ဧပြီ ၇

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၇ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၉၃၂ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၆၁၃၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၉၃၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၆၁၃၁ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဧပြီ ၇

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၇ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၄၈ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၂၀၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၇၄၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၉၂၀၄ ဦး

(အင်တာနက်)

အာဖဂန်အနောက်မြောက်ပိုင်း စစ်ဆင်ရေး တာလီဘန် ၄၀ ကျော် သေဆုံး

ကဘူးလ် ဧပြီ ၇

အာဖဂန်နစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ညလုံးပေါက်ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း တာလီဘန်စစ်သွေးကြွ ၄၀ကျော်သေဆုံးကြောင်း ဧပြီ ၆ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

သေဆုံး

ဘာဒစ်ပြည်နယ် ဘာလာမာဂတ်ခရိုင်၌ ဧပြီ ၅ရက် ညပိုင်း၌ နိုင်ငံခြားတပ်ဖွဲ့၏ အကူအညီဖြင့် အာဖဂန်တပ်ဖွဲ့က တာလီဘန်နှိမ်နင်းရေး ထိုးစစ်ဆင်ခဲ့ရာ စစ်သွေးကြွ ၄၀ ကျော်သေဆုံးပြီး အာဖဂန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စွန့်ခွာထွက်ပြေး

သေဆုံးသူများတွင် တာလီဘန်ခေါင်းဆောင်သုံးဦးပါဝင်သည်ဟုဆိုသည်။ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံအများအပြား အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်ဟု သိရသည်။

ဘာလာမာဂတ်ခရိုင်သည် မကြာမီကာလအတွင်း တာလီဘန်တို့ ခြေကုပ်ယူရာ အဓိက နေရာတစ်ခုဖြစ်လာခဲ့သည်။ **(အင်တာနက်)**

ကိုလံဘီယာ၌ ကန်တပ်ဖွဲ့တိုးချဲ့ချထားရန်စီစဉ် ဗင်နီဇွဲလားသမ္မတ လက်နက်ဝယ်ယူမှုဖြင့် တုံ့ပြန်

မော်စကို ဧပြီ ၇

ရုရှားနိုင်ငံက ဗင်နီဇွဲလားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုး လက်နက်များရောင်းချကောင်း ရောင်းချမည်ဟု ဗင်နီဇွဲလားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည့် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဧပြီ ၅ရက်၌ ပြောကြားလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံ သမ္မတ ဟူဂိုချာဗက်ဇ်။

ရောင်းချ

နှစ်နိုင်ငံလက်နက်အရောင်းအဝယ်စာချုပ်များ ထပ်မံချုပ်ဆိုခြင်းမရှိသော်လည်း ရုရှားဝန်ကြီးချုပ် မစ္စတာပူတင်သည် ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တော်၌ ဗင်နီဇွဲလားသမ္မတချာဗက်ဇ်နှင့် ဧပြီ ၅ရက်ကတွေ့ဆုံပြီး ရေနံကိစ္စ၊ ကာကွယ်ရေးနှင့် ချူကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။ အမေရိကန်နိုင်ငံက ဒေသတွင်း၌အထင်ရှားဆုံး ရန်သူနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗင်နီဇွဲလားနိုင်ငံသို့ ရုရှားလက်နက်များ ရောင်းချခြင်းအပေါ် စိုးရိမ်မကင်းရှိကြောင်း မကြာခဏ ထုတ်ဖော်ပြောကြားသည်။

ထုတ်ဖော်ပြောဆို

ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အိမ်နီးချင်းကိုလံဘီယာနိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ တိုးချဲ့ချထားရန်စီစဉ်မှုကို တုံ့ပြန်ရန် မိမိတို့အနေဖြင့် လက်နက်ဝယ်ယူစုဆောင်းရခြင်းဖြစ်သည်ဟု ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားသည်။ ကိုလံဘီယာနိုင်ငံသည် လက်တင်အမေရိက၌ အမေရိကန်အစိုးရ၏ အရင်းနှီးဆုံး မိတ်ဆွေနိုင်ငံဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

စင်ကာပူနှင့် ကော့စတာရီကာ လွတ်လပ်စွာကုန်သွယ်မှု သဘောတူ

စင်ကာပူ ဧပြီ ၇

စင်ကာပူနှင့် ကော့စတာရီကာအစိုးရတို့သည် နှစ်နိုင်ငံ လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်ကို ဧပြီ ၆ရက်က လက်မှတ်ရေးထိုးချုပ်ဆိုကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကော့စတာရီကာနိုင်ငံသည် လက်တင်အမေရိကဒေသ၌ စင်ကာပူနိုင်ငံ၏ အဋ္ဌမမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး စင်ကာပူဒေါ်လာ ၄၁၃ ဒသမ ၇ သန်း(အမေရိကန်ဒေါ်လာ ၂၉၆ သန်းခန့်)ရှိသည်။

အလားတူ စင်ကာပူနိုင်ငံအနေဖြင့် အရှေ့တောင်အာရှတွင် ကော့စတာရီကာနိုင်ငံ၏ ဒုတိယမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရန်နျူပြဿနာ သံတမန်နည်းဖြင့်ဖြေရှင်းနိုင်မည်ဟု ရုရှားမျှော်လင့်

မော်စကို ဧပြီ ၇

အီရန်နျူကလီးယားအစီအစဉ်ကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းနိုင်မည်ဟု ရုရှားအစိုးရက ယခုထက်တိုင်မျှော်လင့်လျက်ရှိသေးကြောင်း ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဆာဂျီရိုင်ယက်ကော့က ဧပြီ ၆ရက်၌ပြောကြားသည်။

ထပ်မံပြုလုပ်

အီရန်နျူကလီးယားအရေးနှင့်စပ်လျဉ်း၍ အီရန်အပေါ် အရေးယူပိတ်ပင်မှု အသစ်ထပ်မံပြုလုပ်ရေးကို ရုရှားအစိုးရက သဘောတူညီရန် ယခင်က ဝန်လေးခဲ့သည်။

ပြောကြား

သို့သော် အီရန်အပေါ် ထပ်မံအရေးယူမည့် ဆုံးဖြတ်ချက်ကို ရုရှားက လိုက်လျောကောင်း လိုက်လျောနိုင်ဖွယ်ရှိသည်ဟု ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အား လွန်ခဲ့သည့် ရက်သတ္တ နှစ်ပတ်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ချန်စုမြို့နှင့် ပေကျင်းမြို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမပေါ်၌ ကုန်တင်ယာဉ် ခုနစ်စီး ဆင့်ကဲတိုက်မိခဲ့ပြီးနောက် ရှင်းလင်းရေး လုပ်ဆောင်နေသည်ကို ဧပြီ ၆ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

လက်ဝဲသူပုန်များတိုက်ခိုက်မှု အိန္ဒိယတပ်ဖွဲ့ဝင် ၆၅ဦးသေဆုံး

နယူးဒေလီ ဧပြီ ၇

အိန္ဒိယနိုင်ငံအလယ်ပိုင်း ချတ်တီဂါးပြည်နယ်တွင် လက်ဝဲဝါဒီသူပုန်များ လက်ချက်ဖြင့် အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင် ၆၅ဦးထက်မနည်း ဧပြီ ၆ရက်က သေဆုံးခဲ့ရကြောင်း စီအင်န်အင်န်-စီဘီအင်န် သတင်းများ၌ ဖော်ပြထားသည်။

ပစ်ခတ်

ရာပေါင်းများစွာသော လက်ဝဲဝါဒီသူပုန်များက နံနက်အရုဏ်တက်ချိန်တွင် အဆိုပါပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ယင်းတို့ စစ်ဆင်ရေး နယ်နိမိတ်အတွင်းသို့ ရောက်ရှိလာချိန်၌ စက်သေနတ်များ၊ မြေမြှုပ်မိုင်းများဖြင့် ချုံခိုပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အဆိုပါသတင်းများ၌ ဖော်ပြထားသည်။

ထိုးစစ်ဆင်တိုက်ခိုက်

အဆိုပါဒေသတွင် လွန်ခဲ့သည့်နှစ်နှောင်းပိုင်းက စတင်၍ စစ်ဘက်က လက်ဝဲသူပုန်များအား ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းကို အဆိုပါလက်ဝဲသူပုန်များက လက်တုံ့ပြန်တိုက်ခိုက်သည့်အနေဖြင့် ပြန်လည်အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပါကစ္စတန်၌ အသေခံဗုံးဖောက်ခွဲ လူ ၄၀သေဆုံး၊ ၁၀၀ကျော် ဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဧပြီ ၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ်(ဘင်ဒဗလျူအက်ဖ်ပီ)ကို အုပ်ချုပ်နေသော အဝါမီအမျိုးသားပါတီ(အေအင်န်ပီ)က ပြုလုပ်သည့် လူထုအစည်းအဝေးကို အသေခံဗုံးဖောက်ခွဲသူတစ်ဦးက ဧပြီ ၅ရက်၌ ဗုံးခွဲတိုက်ခိုက်သဖြင့် လူ ၄၀သေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါပြည်နယ်သည် မတည်မငြိမ်ဖြစ်နေသည့် ပြည်နယ်လည်းဖြစ်သည်ဟု ဆိုသည်။ ယင်းလုပ်ရပ်သည် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်သည့် လုပ်ရပ်ဖြစ်ကြောင်း အေအင်န်ပီ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က မီဒီယာသမားများအား ပြောကြားသည်။

ပြစ်တင်ရှုတ်ချ

လူထုအစည်းအဝေးပွဲကြီး၌ ထိုကဲ့သို့ တိုက်ခိုက်ခြင်းကို ပြစ်တင်ရှုတ်ချကာ ယင်းကဲ့သို့ ပြောကြားသွားခြင်းဖြစ်သည်။ ထိုအစည်းအဝေးကို ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အဆိုပါပြည်နယ်ရှိ လိုဝါဒါခရိုင် တီမာဂါရားမြို့ လူစည်ကားရာ ဈေးကြီးအနီးရှိ အဆောက်အအုံ၌ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးသို့ ဒေသခံပါတီဝင်နှင့်ခေါင်းဆောင် စုစုပေါင်း ၈၀၀ခန့် တက်ရောက်ခဲ့ကြောင်းလည်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် ➤ စုစည်းသည်

အင်ဒိုနီးရှားကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမားတြားကျွန်း ကမ်းလွန်တွင် ဧပြီ ၇ရက်ဒေသစံတော်ချိန် နံနက် ၅နာရီ၁၅မိနစ်က ရစ်ချ်တာစကေး ၇ဒသမ၈အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားကြောင်း အင်ဒိုနီးရှား မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အီရန်နှင့်ကာတာ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမည်

အီရန်နိုင်ငံမှ သဘာဝဓာတ်ငွေ့များကို ကာတာနိုင်ငံသို့ ပို့ဆောင်ဖြန့်ဖြူးရေးအတွက် အရှည်ကီလိုမီတာ ၅၇၀ရှိသည့် ဓာတ်ငွေ့ပိုက်လိုင်းကို ပူးတွဲတည်ဆောက်ရန် အီရန်နှင့် ကာတာနှစ်နိုင်ငံတို့ သဘောတူညီမှုများ ရရှိခဲ့ကြောင်း၊ မကြာမီ စီမံကိန်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း အီရန်အရာရှိများက ဧပြီ ၇ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ မြင့်တက်လျက်ရှိရာ အမေရိကန်ရေနံဈေးကွက်၌ ဧပြီ ၇ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၆ဒသမ၉၄ဒေါ်လာရှိနေပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ဈေးကွက်၌ ဧပြီ ၇ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၆ဒသမ၁၆ဒေါ်လာအထိ မြင့်တက်ခဲ့ကြောင်း အမေရိကန်ရေနံလုပ်ငန်းရှင်များက ပြောကြားသည်။

နျူလက်နက်မပြန့်ပွားရေးစာချုပ်မှ ရုရှားနုတ်ထွက်မည်

အမေရိကန်တို့က ဒုံးပျံကာကွယ်ရေးစနစ်ကို မရပ်တန့်ဘဲ ဆက်လက်ဖြန့်ချမည်ဆိုလျှင် မိမိတို့အနေဖြင့် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်မှ ရုရှားနုတ်ထွက်မည်ဟု ရုရှားထိပ်တန်းအရာရှိများက ဧပြီ ၇ရက်၌ သတင်းထုတ်ပြန်သည်။

ကိုလံဘီယာသူလျှိုများ ဗင်နီဇွဲလားဖမ်းဆီး

ကိုလံဘီယာနိုင်ငံအတွက် သူလျှိုလုပ်ပေးသူဟု သံသယရှိသူ ကိုလံဘီယာနိုင်ငံသား ရှစ်ဦးအား ဗင်နီဇွဲလားရဲတပ်ဖွဲ့က ဧပြီ ၇ရက်၌ ဖမ်းဆီးခဲ့ကြောင်း၊ သတင်းဓာတ်ပုံနှင့် မှတ်တမ်းများကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း ဗင်နီဇွဲလားအရာရှိများက ဧပြီ ၇ရက်၌ ပြောကြားသည်။

မလက္ကာရေလက်ကြား၌ လုံခြုံရေးတင်းကျပ်မည်

မလက္ကာရေလက်ကြားတွင် သင်္ဘောများ လုံခြုံရေးအတွက် မလေးရှားနှင့်စင်ကာပူတို့မှ ကင်းလှည့်ရေယာဉ်များနှင့် သင်္ဘောများကို ပိုမိုတိုးမြှင့်ချထားမည်ဖြစ်ကြောင်း၊ သင်္ဘောအပိုင်စီးမှုများ ပြန်လည်ခေါင်းထောင်လာချိန်၌ မလက္ကာရေလက်ကြားအထိ ပျံ့နှံ့ရောက်ရှိမလာစေရန်ဖြစ်ကြောင်း မလေးရှားအရာရှိများက ဧပြီ၇ရက်၌ ပြောကြားသည်။

ကွန်ဂို၌ စားနပ်ရိက္ခာပြတ်လပ်မှုကြုံတွေ့

ကွန်ဂိုနိုင်ငံတစ်ဝန်းရှိ ပြည်နယ်ငါးခုတို့တွင် စားနပ်ရိက္ခာများ ပြတ်လပ်လျက်ရှိရာ အသက်ငါးနှစ်အောက်ကလေးငယ်များ နေ့စဉ် ၇၀၀ခန့် သေဆုံးနေကြောင်း၊ အမျိုးသမီးနှင့်ကလေးငယ် ၅၁၀၀၀၀ကျော်တို့မှာ အရေးပေါ်အစားအစာများ လိုအပ်နေကြောင်း ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနအရာရှိများက ဧပြီ ၇ရက်၌ ပြောကြားသည်။

ကဏ္ဍစုံ၌ ဒေါ်လာ၁၁ဘီလီယံ အီရန်ရင်းနှီးမြှုပ်နှံ

အီရန်နိုင်ငံသည် ပြီးခဲ့သည့်မတ်၂၁ရက်မှစတင်သော ယခုနှစ်ဘဏ္ဍာရေးကာလအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့အပြင် အခြားကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အီရန်ဘဏ္ဍာရေးဝန်ကြီး ဟိုစိန်နီက ဧပြီ၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

ရီယိုဒီဂျနေးရိုးမြို့တွင် ရေလွှမ်း

***ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ဧပြီ ၇ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုနှင့်မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ဒေသခံ ၇၇ ဦးသေဆုံးခဲ့ကြောင်း၊ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။** (အောက်ပုံ)*

ပါရီ၌ စက်ရုံမီးလောင်၊ တစ်ဦးသေဆုံး

ပြင်သစ်နိုင်ငံ ပါရီမြို့ ဆင်ခြေဖုံးအရပ်၌ ဧပြီ ၇ရက် နံနက်ပိုင်းက စက်ရုံမီးလောင်သဖြင့် တစ်ဦးသေဆုံးပြီး ၁၀ဦးကျော် ဒဏ်ရာရရှိသွားကြောင်းနှင့် ဒဏ်ရာရရှိသူများတွင် မီးသတ်တပ်ဖွဲ့ဝင်လေးဦးနှင့် ရဲတပ်ဖွဲ့ဝင် လေးဦးတို့ ပါဝင်ကြောင်း ဆင်ဟွာသတင်းဌာနမှ ဖော်ပြသည်။ **(အင်တာနက်)**

စက်ခလုတ်နှိပ်ဖွင့်လှစ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်နေပြည်သူများ အပန်းဖြေအနားယူ ကြည့်ရှုနိုင်ရန်
နေပြည်တော်၌ အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ တည်ဆောက်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၇

နေပြည်တော်နေပြည်သူများ၊ နေပြည်တော်သို့ လာရောက်လည်ပတ်ကြသည့် ပြည်သူများ အပန်းဖြေအနားယူ ကြည့်ရှုနိုင်ရန်အတွက် G4 အုပ်စုကုမ္ပဏီက တည်ဆောက်ပြီးစီးခဲ့သည့် အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ဇမ္ဗူသပြေလမ်း နေပြည်တော်ရေပန်းဥယျာဉ်အနီးရှိ အဆိုပါ ရုပ်ရှင်ရုံ မုခ်ဦးရှေ့၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အဆင့်မြင့်ရုပ်ရှင်ရုံ၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ G4 အုပ်စု ကုမ္ပဏီဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် ဒါရိုက်တာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် G4 အုပ်စုကုမ္ပဏီမှ ဒါရိုက်တာများဖြစ်ကြသည့် ဦးသာဌေးနှင့် ဦးတင့်ဆန်းတို့က အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ရုပ်ရှင်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် 2D၊ 3D ရုပ်ရှင်ကားများဖြင့် ဖျော်ဖြေပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယခုဖွင့်လှစ်သည့် အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံတွင် လေအေးစက်များ တပ်ဆင်ထားပြီး ထိုင်ခုံလက်တင်များ၌ ဆိုဖာများနှင့် စားသောက်ဖွယ်ရာများ သိုလှောင်ရန် နေရာပါရှိကာ ပထမတန်းထိုင်ခုံ ၁၅၀နှင့် အထူးတန်းထိုင်ခုံ ၁၅၀ ပါရှိ၍ ပရိသတ် ၃၀၀ ကြည့်ရှုနိုင်သည်။

ထပ်မံတည်ဆောက်မည်

အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ အဆောက်အအုံ၏ ညာဘက်တွင် သုံးထပ်အဆောက်အအုံတစ်ခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ပြီး ပထမထပ်၌ ကလေးကစားကွင်း၊ ဈေးဆိုင်ခန်းများနှင့် စားသောက်ဆိုင်များ၊ ဒုတိယထပ်၌ ပရိသတ် (၁၀၀)ဆံ့ ရုပ်ရှင်ရုံနှင့် တတိယထပ်၌ ပရိသတ် (၂၀၀)ဆံ့ မင်္ဂလာခန်းမတို့ပါရှိမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် G 4 အုပ်စုကုမ္ပဏီမှ ဒါရိုက်တာများဖြစ်ကြသည့် ဦးသာဌေးနှင့် ဦးတင့်ဆန်းတို့ အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ရေပန်းဥယျာဉ်အနီးရှိ အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒသမ ၈ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့တွင် ၄၅ဒသမ ၆ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့တွင် ၄၅ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် အောင်လံမြို့တို့တွင် ၄၄ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ဒသမ ၄၀လက်မနှင့် မချမ်းဘောမြို့တွင် ၀ဒသမ၂၈လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

General လေအေးပေးစက်များ အရောင်းမြှင့်တင်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

Fujitsu General Ltd. နှင့် Golden Orchid Ltd. တို့ ပူးပေါင်းပြီး General အမှတ်တံဆိပ် လေအေးပေးစက်များနှင့်ပတ်သက်၍ မြန်မာနှစ်ကူးအရောင်းမြှင့်တင်ပွဲအခမ်းအနားကို မတ် ၁၁ရက်က ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် Fujitsu General Ltd.(Singapore) ရုံးခွဲမှ Managing Director Mr. K. Ishikawa က Fujitsu General Ltd. သည် လေအေးပေးစက်ကို အဓိကထုတ်လုပ်သော Professional Air Conditioner ကုမ္ပဏီဖြစ်ပြီး အိမ်သုံး၊ ရုံးသုံး လေအေးပေးစက် အသေးမှအစ အထပ်မြင့်အဆောက်အအုံကြီးများ၊ ဆေးရုံကြီးများနှင့် စူပါမားကတ်ကြီးများအတွက် စက်အကြီးများအထိ အရွယ်အစားအမျိုးမျိုး၊ မော်ဒယ်လ်အမျိုးမျိုးကို စံချိန်စံညွှန်းမီ ကမ္ဘာတစ်ဝန်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသော မြန်မာပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Golden Orchid Ltd.မှတစ်ဆင့် ဖြန့်ချိဝန်ဆောင်မှုပေးနေကြောင်း၊ Indoor မော်ဒယ်လ်အမျိုးအစားများကို အခန်းအနေအထား၊ အဆောက်အအုံအနေအထားနှင့်လိုက်ဖက်သည့် နှစ်သက်ရာ Design ပေါ်မူတည်ပြီး Window Type, Wall Mounted Type, Ceiling Cassette Type, Universal Type နှင့် Duct Type စသည့် မော်ဒယ်လ်များကို ရွေးချယ်နိုင်သည့်အပြင် Outdoor တစ်လုံးတည်းဖြင့် Indoor ၁၆လုံးအထိ တွဲဖက်သုံးနိုင်သည့် Multi Air Conditioning System for Building VRF စနစ်ကိုလည်း မိတ်ဆက်လေ့ကျင့်ပေးပြီးဖြစ်ကြောင်း၊ ၎င်းအပြင် မီးအားစားသက်သာသည့် Inverter Model လေအေးပေးစက်များကိုလည်း ရောင်းချပေးနေကြောင်း ရှင်းလင်းပြောကြားသည်။

ဝန်ဆောင်မှုပေး

General လေအေးပေးစက်များကို သုံးစွဲသူများအတွက် အာမခံသုံးနှစ်နှင့် Compressor သီးသန့် နှစ်နှစ် ဝန်ဆောင်မှုပေးနေပြီး Golden Orchid Ltd. မှ တာဝန်ခံအင်ဂျင်နီယာများနှင့်လည်း လေအေးပေးစက်ရွေးချယ်မှု၊ တပ်ဆင်မှုနှင့်ပတ်သက်ပြီး အသေးစိတ်တွက်ချက်ခြင်းကို အခမဲ့ အကြံပေး ဆွေးနွေးနိုင်ကြောင်း သိရသည်။

ဝယ်ယူနိုင်

ဆက်သွယ်ဝယ်ယူလိုပါက Golden Orchid Ltd. အမှတ် (၈၃-၉၁) မြေညီထပ် ဗိုလ်အောင်ကျော်လမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၇၀၆၂၂၃၊ ၃၇၁၉၀၆၊ ၇၃၀၃၀၂၅၀နှင့် Service Hot Line အနေဖြင့် ဖုန်း- ၇၀၆၂၂၃၊ ၀၉-၈၅၀၂၄၂၅ နှင့် ၀၉-၈၅၀၂၄၂၁တို့ဖြစ်ပြီး General လေအေးပေးစက်များကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင်လည်း ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ဂရုတစိုက် လေ့လာမှတ်သား ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်အောင် ပူးပေါင်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကဖွင့်လှစ်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ ရှင်းလင်းဆွေးနွေးပို့ချမှု သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ ရှင်းလင်းဆွေးနွေးပို့ချမှုသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်ရှိ ဥပဒေအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အရာရှိများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ပြည်နယ်/တိုင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၌ အတွင်းရေးမှူး လျာထားခံရသူ အရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားရာ၌ ရွေးကောက်ပွဲများကို ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မတ် ၈ရက်တွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများကို ပြုစုထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ပြုစုထုတ်ပြန်

ထို့အပြင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့ကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရာ၌ ရှင်းလင်းလွယ်ကူစေရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် လုပ်ငန်းလမ်းညွှန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်များကို ပြုစုထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈ တွင် ဖော်ပြထားသည့် ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သဘောပေါက် နားလည်ထားရန်လိုကြောင်း။

ယခုတက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူအရာရှိများ အနေဖြင့် ၂၀၁၀ခုနှစ်အတွင်း ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲ အသီးသီးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြီးကြပ် ဆောင်ရွက်ကြရမည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် ထုတ်ပြန်ထားပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် ပြုစုထားသည့် လုပ်ငန်းလမ်းညွှန်များကို ကျေညက်စွာ သဘောပေါက်နားလည်ကြရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်အောင် စနစ်တကျ ကြီးကြပ်ဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ ယခုသင်တန်းက ပို့ချမည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ဂရုတစိုက် လေ့လာမှတ်သားကြရန်နှင့် မရှင်းလင်းသည့် အချက်များရှိပါက အကျေအလည် မေးမြန်းဆွေးနွေးပြီး ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်အောင် အားလုံးပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူအရာရှိများအား လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ အရာရှိ ၂၅၂ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ဧပြီ ၇ရက်မှ ၉ရက်အထိဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၇

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏ အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ ခုနှစ် ဧပြီ (၇)ရက်တွင် အောက်ပါအတိုင်း လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်-

- ချင်းအမျိုးသားပါတီ (Chin National Party) (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ပြီ မြို့ပြဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ကျင်စန်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားရာ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် နှစ်စဉ် ကျန်းမာရေးဆိုင်ရာ ဆောင်ပုဒ်တစ်ခုကို ရွေးချယ်သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကို ကျင်းပကာ ဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်အတွက် ဆောင်ပုဒ်မှာ Urbanization and Health; Urban Health Matters "မြို့ပြ လူမှုဘဝ မြင့်မားရေး၊ ကျန်းမာရေးကို မြှင့်တင်ပေး" ဟု သတ်မှတ်ထားကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဧည့်သည်တော်များ ခန်းမအတွင်း ပြသထားသော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်ကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပါဝင်ဖြေရှင်း

ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ ရောဂါဖြစ်ပွားမှုလည်း များပြားလာကြောင်း၊ မြို့ပြများ၏ လူဦးရေ တိုးပွားလာခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ ကျန်းမာရေးပြဿနာများသည် ကျန်းမာရေးဌာန တစ်ခုတည်း၏ လုပ်ဆောင်နိုင်မှုကို ကျော်လွန်လျက်ရှိကြောင်း၊ ကျန်းမာရေးပြဿနာဖြေရှင်းကြရန် ကမ္ဘာနှင့်အဝန်း နိုင်ငံအလိုက် ပြည်သူလူထုတစ်ရပ်လုံးနှင့် လူတစ်ဦးချင်းစီအထိ ပါဝင်ဖြေရှင်းပေးကြရန် လိုအပ်လာကြောင်း။

ကမ္ဘာ့ဘဏ်က ၂၀၃၅ခုနှစ်၌ မြို့ပြများသည် ဆင်းရဲမှုများ၏ လွှမ်းမိုးမှုကို ခံကြရလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ တိုးပွားလာသည့် လူဦးရေကြောင့် မြို့ပြနေလူများသည် ပတ်ဝန်းကျင်မသန့်ရှင်းမှုနှင့် လေထု ညစ်ညမ်းမှုတို့ကြောင့် ကူးစက်ရောဂါများ ပိုမိုဖြစ်လာရသကဲ့သို့ လူများ၏ ကျန်းမာရေးနှင့်မညီညွတ်သည့် အမူအကျင့်များကြောင့် ကူးစက်ရောဂါ မဟုတ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါနှင့် အဝလွန်ခြင်းစသည့် ကျန်းမာရေးပြဿနာများ ပိုမိုဖြစ်လာရကြောင်း။

တချို့နိုင်ငံများတွင် မြို့ပြစက်ရုံများ၏ နေရာဟောင်းများ၌ ပြောင်းရွှေ့နေထိုင်မိကြသဖြင့် စက်ရုံများ၏ အကြွင်းအကျန် ဓာတုဗေဒအဆိပ်သင့်မှုများ ကြုံတွေ့ကြရကြောင်း။

စီစဉ်ဆောင်ရွက်

မြို့ပြများအား စိန်ခေါ်နေသည့် ပြဿနာများကို ဖြေရှင်းရန်အတွက် မြို့ပြစီမံကိန်းများတွင် ကိုယ်လက်လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်မှု တိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ လုံခြုံစိတ်ချရသော အစားအစာများ စားသုံးနိုင်ရေးအတွက် အစီအမံများ ချမှတ်ခြင်း စသည်တို့ကို ထည့်သွင်းရမည်ဖြစ်ကြောင်း၊ ထို့အပြင် လူနေအိမ်ရာများ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့်လည်း ကျန်းမာရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများအတွက်လည်း လိုအပ်သော အစီအမံများနှင့် ရန်ပုံငွေများ အရင်းအနှီးများ စီစဉ် ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံ၌ မြို့ပြများတွင် လူဦးရေထူထပ်များပြားလာသည့်အတွက် ဆင်းရဲကျပ်တည်းစွာ နေထိုင်ကြသူများ အခြေတကျ နေထိုင်နိုင်ရန် မြို့သစ်စီမံကိန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မြို့ပြ၏ ကျန်းမာရေးကဏ္ဍတွင် အရေးပါသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ အညစ်အကြေး စွန့်ပစ်ရေးလုပ်ငန်း၊ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်း၊ ရေဆိုးစွန့်ထုတ်ရေး လုပ်ငန်းများ၌လည်း ငွေကြေး အရင်းအနှီးသာမက နည်းပညာ၊ လူအင်အားပါ စိုက်ထုတ်၍ ကြိုးစားဆောင်ရွက်နေကြောင်း။

တိုးတက်မှု

ကျန်းမာရေးစောင့်ရှောက်မှုကို နေရာဒေသများ ကွာဟမှု ကျဉ်းမြောင်းစေရေး၊ ရန်ကုန်နှင့်မန္တလေး တန်းတူညီမျှရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ရာတွင် အရည်အသွေး ပြည့်ဝသည့် လူ့စွမ်းအားစုများ၊ ခေတ်မီရောဂါရှာဖွေရေး စက်ကိရိယာများနှင့် ကုသရေးပစ္စည်းကိရိယာများကို တစ်ပြေးညီ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ခဲ့သဖြင့် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးကိုလည်း အလားတူအဆင့်မီရေးအတွက် ဆောင်ရွက်ခဲ့ရာ တိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "မြို့ပြ လူမှုဘဝမြင့်မားရေး၊ ကျန်းမာရေးကို မြှင့်တင်ပေး" ဆိုသည့် နှိုးဆော်ချက်နှင့်အညီ ပြည်သူလူထုအနေဖြင့် မြို့ပြဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ပေးပို့သောသဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအဖြစ် မြို့ပြကျန်းမာမှုမြှင့်တင်ရေး ဆွေးနွေးပွဲကို နံနက်၁၀နာရီတွင် ဆက်လက်ကျင်းပရာ ဦးဆောင်သူအဖြစ် ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က ဆောင်ရွက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega က Urban Health Matters ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နေပြည်တော် မြို့တော်စည်ပင်မှ ဒေါက်တာမေသူဇော်က မြို့ပြဆိုင်ရာ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ဒေါက်တာမင်းသန်းညွန့်က မြို့ပြကျန်းမာရေးဆိုင်ရာလုပ်ငန်းခွင် ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေး တင်ပြချက်များအပေါ် ဒေါက်တာခင်မောင်လွင်က သုံးသပ်ဆွေးနွေးတင်ပြပြီး မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးအန္တရာယ်ကာကွယ်ရေး တောင်ငူ၌ စည်းဝေး

တောင်ငူ ဧပြီ ၇

တောင်ငူမြို့ မီးဘေးအန္တရာယ်ကာကွယ်ရေးအထောက်အကူပြုကော်မတီ၏ ပွင့်လင်းရာသီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ရက် မွန်းလွဲပိုင်းက ရွှေဆံတော်ဂေါပကရုံးခန်းမ၌ ကျင်းပရာ သဘာပတိ အထောက်အကူပြု ကော်မတီနာယက ဦးကျော်လှ(သမာဓိ)နှင့် ဥက္ကဋ္ဌ ဦးရဲဝင်း(ရွှေဝါ-ပဲဆီသန့်)တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကျော် (ဆန်ပွဲရုံ)က ယခင်အပတ်အစည်းအဝေး မှတ်တမ်းကို ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူပြီး ဘဏ္ဍာရေးမှူး ဦးစံသိန်း (အေးမိတ္တူ)က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ တောင်ငူမြို့ မီးသတ်စခန်း နှစ်ခုရှိ မီးသတ်မော်တော်ယာဉ်များ ကွဲ့ခိုင်ကောင်းမွန်ရေး၊ မီးသတ်ရေကန်များတွင် ရေအပြည့် ဖြည့်ဆည်းထားရှိရေး၊ အိမ်တိုင်း မီးချိတ်၊ မီးကတ်၊ ရေ၊ သဲများ အသင့်ထားရှိရေး၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီသွားရောက် ငြိမ်းသတ်နိုင်ရေးများနှင့် မြို့တွင်းရှိ ရပ်ကွက်များသို့ အနည်းဆုံး တစ်လ နှစ်ကြိမ် မီးသတ်ပေး ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)၊ အဖွဲ့ဝင် ဦးမောင်အေး(စက်ပြင်တာဝန်ခံ)နှင့် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးထင်အောင်လင်းတို့က ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ကြသည်။ (ဝ၄၇)

*** ရှေ့ဖုံးမှ**

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့က နမ့်ဆန်မြို့ ခုတင် (၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်များကို မြို့နယ်ပြည်သူ့ဆေးရုံကြီးခန်းမဆောင်အတွင်း၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံသစ်ကြီးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ဤဆေးရုံကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း တည်ရှိပြီး နမ့်ဆန်ဒေသနှင့် အခြား ဆက်စပ်မြို့နယ်များမှ တိုင်းရင်းသား တိုင်းရင်းသူများအတွက် အရေးပေါ်နှင့် သာမန်ဆေးကုဌာနများကို ခေတ်နှင့်လျော်ညီစွာ တည်ဆောက်ခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများကို ပြန်လည်ဆန်းစစ်သည့်အခါ ၁၉၈၈-၁၉၈၉တွင် ဆေးရုံပေါင်း ၃၄ရုံသာရှိပြီး ၂၀၀၉-၂၀၁၀တွင် ဆေးရုံပေါင်း ၅၉ရုံအထိ ရှိလာခဲ့ကြောင်း။

တိုးမြှင့်ခန့်ထား

ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ခုတင်(၂၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင်(၁၅၀)ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံသုံးရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံလေးရုံ၊ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ ၁၀ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံ ၃၉ရုံ စုစုပေါင်း ဆေးရုံ ၅၉ ရုံ ရှိနေပြီ ဖြစ်ပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနအနေဖြင့် ၁၉၈၈တွင် ၃၉ခုသာရှိခဲ့ပြီး ၂၀၁၀ခုနှစ်တွင် ၆၅ခုအထိ တိုးတက်ခဲ့ပါကြောင်း၊ ဆရာဝန်အနေဖြင့် ၁၉၈၈ခုနှစ်တွင် ၁၁၆ဦးသာ ခွင့်ပြုခန့်ထားနိုင်ပြီး ယခုအခါ ၂၅၈ဦးအထိ တိုးမြှင့်ခန့်ထားပေးခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်လှစ်ပေးခြင်း၊ အခြားဒေသဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ပေးခြင်းတို့ကြောင့် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဆေးရုံသစ်ကြီးကို တာဝန်ခံတည်ဆောက်လှူဒါန်းခဲ့သော အလှူရှင်အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်ငယ်များကို ပေးအပ်လှူဒါန်းရာ နမ့်ဆန်မြို့နယ် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာထွန်းရွှေက လက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သိန်း၅၀၀ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းဒန်ဦးက လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂) တပ်မတော်စစ်ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ဒေါ်ရူပါအောင် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့က နမ့်ဆန်မြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား အခမဲ့ မျက်စိဝေဒနာကုသပေးထားသော ဝေဒနာရှင်များအား မျက်မှန်များနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအဖွဲ့အစည်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဖူးမြော်

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် သံဃာဆောင်၌ တက်ရောက်၍ မျက်စိခွဲစိတ်ကုသမှုခံယူတော်မူလျက်ရှိသော ဆရာတော်များအား သွားရောက် ဖူးမြော်ကြသည်။

တည်ဆောက်ထား

နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ခေတ်မီဆေးရုံသစ်ကြီး၌ ဖျားနာဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားမီးယပ်ဆောင်၊ ကလေးဆောင်၊ သံဃာဆောင်တို့ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့၏ ဖွံ့ဖြိုးစည်ပင်သာယာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့မှ မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နမ့်ဆန်မြို့ ခုတင် (၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း အခမဲ့ မျက်စိကုသပေးထားသော ဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နမ့်ဆန်မြို့ ခုတင် (၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင့်း အခမဲ့ မျက်စိကုသပေးထားသော ဝေဒနာရှင်များအား မျက်မှန်တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

ဖူးမြော်

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် သံဃာဆောင်၌ တက်ရောက်၍ မျက်စိခွဲစိတ်ကုသမှုခံယူတော်မူလျက်ရှိသော ဆရာတော်များအား သွားရောက် ဖူးမြော်ကြသည်။

တည်ဆောက်ထား

နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ခေတ်မီဆေးရုံသစ်ကြီး၌ ဖျားနာဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားမီးယပ်ဆောင်၊ ကလေးဆောင်၊ သံဃာဆောင်တို့ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့၏ ဖွံ့ဖြိုးစည်ပင်သာယာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့မှ မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

လားရှိုးမြို့ရှိ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တိလောကဝိဇယ ဆုတောင်းပြည့်စေတီတော်နှင့် သာသနာ(၂၅၀၀) ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီးတို့အား

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၇

ရှမ်းပြည်နယ် လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဧပြီ ၆ရက် ညနေပိုင်းက လားရှိုးမြို့ရှိ တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ကြိုဆို

ရှေးဦးစွာဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မြင့်လှိုင်က စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည်ညို

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံထားရှိမှုများကို လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် တိလောကဝိဇယ ဆုတောင်းပြည့် စေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိဓမ္မစက္ကမုဒြာဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် သာသနာ(၂၅၀၀) ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပြီး စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံထားရှိမှုများကို လှည့်လည်ကြည်ညို၍ အလှူငွေများ ပေးအပ်ကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် သာသနာ(၂၅၀၀) ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးမှ ညနေ ၆နာရီ ၁၀မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင် ဝေဒနာရှင်များအား မျက်မှန်တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၅။	ခါသကြ်န်အဆိုအကများ
၄:၅၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၅:၀၀	၇။	ခါသကြ်န်အဆိုအကများ
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၂၅	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၀	၁၃။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ ပျော်စံရာ** (အပိုင်း-၂)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃၈)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၉)

ထူးခြားသည့် နေ့အပူချိန် ၇-၄-၂၀၁၀

➢ ချောက်မြို့	၄၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
➢ မင်းဘူးမြို့	၄၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်
➢ မကွေးမြို့	၄၅ ဒီဂရီစင်တီဂရိတ်
➢ မုံရွာမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢ မန္တလေးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢ မြင်းခြံမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢ ညောင်ဦးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢ အောင်လံမြို့	၄၄ ဒီဂရီစင်တီဂရိတ်

မင်းဘူးမြို့၏ အမြင့်ဆုံး အပူချိန်

နေပြည်တော် ဧပြီ ၇

မင်းဘူးမြို့၏ ယမန်နေ့ အမြင့်ဆုံးအပူချိန် ၄၅ဒသမ၆ ဒီဂရီစင်တီဂရိတ်(၁၁၄ ဒသမ ၁) ဒီဂရီဖာရင်ဟိုက်သည် လွန်ခဲ့သော နှစ်ပေါင်း(၄၆)နှစ်အတွင်း ယင်းမြို့၏ ဧပြီလအတွက် အမြင့်ဆုံး အပူချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၉၇၃ ခုနှစ် ဧပြီ ၁၇ရက်တွင် ၄၅ဒသမ၂ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒသမ ၄) ဒီဂရီဖာရင်ဟိုက် ဖြစ်သည်။ (သတင်းစဉ်)

မွန် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၇)ကြိမ်မြောက် အသက်(၇၅)နှစ်အထက် မွန်အဘိုးအဘွားများအား ရိုးရာအစဉ်အလာမပျက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၉ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော မွန်ကျောင်းသားကျောင်းသူများအား သတ္တမအကြိမ်မြောက် ဂုဏ်ပြုချီးမြှင့်ပွဲကို ယခုလာမည့် ၁၃၇၂ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် (စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

နှစ်ဆန်းတစ်ရက်တွင် နံနက် ၇နာရီမှစ၍ ကြွရောက်လာသော ဧည့်ပရိသတ်များအား မွန်ရိုးရာ သင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော မွန်ကျောင်းသား ကျောင်းသူများနှင့် အသက်(၇၅)နှစ်အထက် မွန်သက်ကြီးများ စာရင်းပေးသွင်းနိုင်ရန်နှင့် အလှူငွေကို နိုင်မင်းသောင်းသျှင် ဥက္ကဋ္ဌ ဖုန်း-၄၀၀၃၄၆၊ နိုင်မောင်ရွှေ ဒုတိယဥက္ကဋ္ဌ ဖုန်း-၇၂၅၀၅၈၊ နိုင်ဝင်းကြည် တွဲဖက်အတွင်းရေးမှူး ဖုန်း-၂၈၂၀၁၂၊ နိုင်လှမောင် ဘဏ္ဍာရေးမှူး၊ ဖုန်း-၅၄၃၀၈၄နှင့် မွန်ဓမ္မာရုံ ဖုန်း-၃၇၅၅၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်း (ရေတာရှည်မြို့နယ်)ရှိ နဂျတ်ချောင်းသစ်သားတံတား ရေကာတန်းများပြုလုပ်ခြင်း လုပ်ငန်းကို ဧပြီ ၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လက်ဆေးခြင်း၊ ပါးစပ်နှာခေါင်းစည်းနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါ

ပါမောက္ခဒေါက်တာပိုင်စိုး

ကမ္ဘာ့လူတုပ်ကွေးရောဂါသည် ရာသီအလိုက်တုပ်ကွေးရောဂါနှင့်မတူဘဲ ရောဂါအသစ်အဆန်းတစ်ခု ဖြစ်ပါသည်။ ကမ္ဘာ့လူတုပ်ကွေးဗိုင်းရပ်စ်ပိုးသည် မြောက်အမေရိက၊ မက္ကဆီကန် ဝက်တုပ်ကွေး၊ မြောက်အမေရိက ကြက်ငှက်တုပ်ကွေး၊ ရာသီလူတုပ်ကွေးနှင့် အာရှ-ဥရောပ ဝက်တုပ်ကွေးတို့ ပေါင်းစပ်၍ အသစ်ဖြစ်ပေါ်လာသော ဗိုင်းရပ်စ်ပိုး New Influenza A (H1N1) ဖြစ်ပါသည်။ လူအများသို့ကူးစက်ပြီး နိုင်ငံတကာသို့ လျင်မြန်စွာ ပျံ့နှံ့မှုဖြစ်ပွားနေသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကပ်ရောဂါအဆင့်အဖြစ် ကြေညာခဲ့ရသည်။

ယခုအခါ နိုင်ငံတကာမှ လူပေါင်း ၁၈၀၀ခန့် သေကျေပျက်စီးခဲ့ရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နောင်နှစ်နှစ်အတွင်း ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံခန့်သည် ရောဂါကူးစက်ဖြစ်ပွားမည်ဟု ခန့်မှန်းထားသည့်အပြင် ဆောင်းရာသီတွင် ကမ္ဘာ့တောင်ပိုင်းဒေသများသို့ ပျံ့နှံ့ရောက်ရှိနိုင်သည်ဟုလည်း ယူဆရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လွယ်ကူလျင်မြန်စွာ ပျံ့နှံ့နိုင်ပြီး ပိုမိုပြင်းထန်နိုင်သည်ကို တွေ့ရပေမည်။ သို့ဖြစ်၍ ၎င်းရောဂါအား ကာကွယ်နိုင်ရန် ပြည်သူလူထုနှင့် ကျန်းမာရေးအဖွဲ့အစည်းများကို ကြိုတင်၍ ပညာပေးဟောပြောထားရန် အထူးလိုအပ်လှပေသည်။ ၎င်းလူတုပ်ကွေးရောဂါသည် ရာသီတုပ်ကွေးလက္ခဏာများနှင့်ဆင်တူပြီး ခွဲခြားရန်ခက်ခဲသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါကို ခွဲခြားသိရှိနိုင်သည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်မှု အများဆုံးဖြစ်ပွားသည်။ လူနာသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် လည်းကောင်း၊ ရောဂါဖြစ်သူ၏ ချွဲ၊ သလိပ်၊ ချွေး၊ တံတွေးများကို ကိုင်တွယ်ထိတွေ့ခြင်းနှင့် ရောဂါပိုးရှိနေသောလူနာ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်မိခြင်းမှ ရောဂါကူးစက်နိုင်သည်။ ၎င်းရောဂါသည် အသက်ရှူလမ်းကြောင်းမှ ကူးစက်မှု အများဆုံးဟုဆိုသည့်အတွက် ပါးစပ်နှာခေါင်းစည်းများကို အသုံးပြုခြင်းဖြင့် ၎င်းရောဂါကို ကာကွယ်နိုင်မည်ဟု လူအများက ယူဆကြသည်။ သို့ဖြစ်၍ ပါးစပ်နှာခေါင်းစည်း၏ ကမ္ဘာ့လူတုပ်ကွေးအပေါ် အကျိုးသက်ရောက်မှုအား ရှင်းလင်းတင်ပြလိုပါသည်။

ပါးစပ်နှာခေါင်းစည်းဆိုသည်မှာ အသက်ရှူအင်္ဂါဖြစ်သည့် နှာခေါင်းနှင့် ပါးစပ်အတွင်းသို့ လေထဲတွင်ရှိသည့် ပိုးမွှားများအပါအဝင် အန္တရာယ်ဖြစ်စေနိုင်သော အရာများဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရန် ပြုလုပ်ထားသော ပစ္စည်းဖြစ်သည်။ ပါးစပ်နှာခေါင်းစည်းကို ကျန်းမာရေးဆိုင်ရာကိစ္စရပ် အတော်များများတွင် သုံးစွဲလေ့ရှိသည်။ ခွဲစိတ်ခန်းတွင်လည်းကောင်း၊ သွားဘက်ဆိုင်ရာ ကုသမှုပြုရာတွင်လည်းကောင်း၊ အသက်ရှူလမ်းကြောင်းမှ ကူးစက်တတ်သောရောဂါများကို ကုသရာတွင်လည်းကောင်း၊ ဓာတုပစ္စည်းနှင့် လေဆာရောင်ခြည်သုံးသည့် လုပ်ငန်းများတွင် လည်းကောင်း အသုံးပြုကြသည်။ ပါးစပ်နှာခေါင်းစည်း ပုံစံအမျိုးမျိုးရှိသည်။ အချို့မှာ ဦးခေါင်းပေါ်တွင် ရိုးရိုးကြိုးဖြင့်လည်းကောင်း၊ သားရေကြိုးဖြင့် လည်းကောင်း ချည်နှောင်ရပြီး အချို့မှာ နားနှစ်ဖက်တွင် တပ်ရသောပုံစံဖြင့် ပြုလုပ်ထားသည်။

ပါးစပ်နှာခေါင်းစည်းမှာ အများအားဖြင့် တစ်ခါသုံး နှာခေါင်းစည်းများဖြစ်ပြီး ၎င်းတို့ကို ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်း (Surgical Mask) ဟုလည်း ခေါ်ဝေါ်ကြပါသည်။ တစ်ခါသုံး ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်း (Surgical Mask) မရရှိနိုင်ပါက ပြန်လျှော်ပြီး အသုံးပြုရသော ပါးစပ်နှာခေါင်းစည်းကို သုံးသင့်သည်။ သို့ရာတွင် ၎င်းသည် ရောဂါကာကွယ်ပေးနိုင်သည်ဟု သတ်မှတ်ထားခြင်းမရှိပါ။ အချို့ပြင်းထန်သော ကူးစက်ရောဂါများတွင် တစ်ခါသုံး N 95 ပါးစပ်နှာခေါင်းစည်းကို အသုံးပြုကြသည်။ ၎င်းသည် သေးငယ်သောအမှုန် (0.3 µm) များ ဝင်ရောက်မှုကို ၉၅ရာခိုင်နှုန်း ကာကွယ်ပေးသည်။ ၎င်း N 95 ပါးစပ်နှာခေါင်းစည်းသည် မျက်နှာတွင် တင်းတင်းနှင့် မြဲမြံစွာ စည်းထားရသည်။ ၎င်းမှာ ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်းထက် ဈေးနှုန်းပိုမိုမြင့်မားပြီး ရရှိရန်ခက်ခဲသောကြောင့် အိမ်တွင် အသုံးပြုရန် မလွယ်ကူပါ။ ပါးစပ်နှာခေါင်းစည်းများကို တစ်ခါအသုံးပြုပြီးလျှင် သေချာစွာ ထုပ်ပိုးပြီး စနစ်တကျ စွန့်ပစ်ရမည်။ N 95 ပါးစပ်နှာခေါင်းစည်းများသည် သီအိုရီအရ ပိုမိုကောင်းမွန်သော်လည်း သုတေသန လေ့လာမှုတစ်ခုတွင် တုပ်ကွေးရောဂါကာကွယ်မှု၌ ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်း(Surgical Mask) နှင့် ကွာခြားခြင်းမရှိကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

အချို့သော သုတေသနလေ့လာမှုများတွင် ကမ္ဘာ့လူတုပ်ကွေးဗိုင်းရပ်စ်ပိုးသည် ချောင်းဆိုး၊ နှာချေရည်မှ ထွက်လာသော အမှုန်အကြီးများတွင်သာ များစွာပါဝင်ပြီး ရောဂါပိုးပျံ့နှံ့နိုင်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ ယခုဖော်ပြခဲ့သော ပါးစပ်နှာခေါင်းစည်းအားလုံးသည် အမှုန်အကြီးမှထွက်လာသော ဗိုင်းရပ်စ်ပိုးကို ကာကွယ်နိုင်စွမ်းရှိကြောင်းနှင့် N 95 နှာခေါင်းစည်းမှာမူ အမှုန်အကြီးအပြင် အမှုန်အသေးမှထွက်လာသော ပိုးမွှားများကိုပင် ကာကွယ်နိုင်စွမ်းရှိကြောင်း သိရသည်။

ယင်းပါးစပ်နှာခေါင်းစည်းများသည် ပြင်ပမှ အရာဝတ္ထုအမှုန်အမွှားများ၊ ပိုးမွှားများ ဝင်ရောက်မှုကို အတန်အသင့်ကာကွယ်ပေးသည့်အပြင် တပ်ဆင်ထားသော အခြားသူများထံမှ အလွန်သေးငယ်သော ပိုးမွှားများ၊ အမှုန်အမွှားများ ပြင်ပသို့ ပျံ့နှံ့မသွားစေရန် ကူညီတားဆီးပေးသည်။

သုတေသနတွေ့ရှိချက်များအရ ၎င်းပါးစပ်နှာခေါင်းစည်းများ အသုံးပြုခြင်းဖြင့် ကမ္ဘာ့လူတုပ်ကွေးဗိုင်းရပ်စ်ပိုးကို ကာကွယ်မှုအပြည့်အဝ မပေးနိုင်ပါသော်လည်း ရောဂါဖြင့် ဖျားနာနေသည့် လူနာနှင့် အတူနေသူများသည် ၎င်းပါးစပ်နှာခေါင်းစည်း အသုံးပြု၍ လက်ကိုစနစ်တကျ မကြာခဏ ဆပ်ပြာဖြင့် ဆေးကြောခြင်းဖြင့် ကမ္ဘာ့လူတုပ်ကွေး ဗိုင်းရပ်စ်ပိုးကို ရောဂါကူးစက်မှု ၆၀ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းအထိ ကာကွယ်နိုင်သည်ကို လေ့လာတွေ့ရှိရသည်။ သုတေသန လေ့လာတွေ့ရှိချက်များအရ လူအများစုသည် မိမိတို့အိမ်တွင် လည်းကောင်း၊ လူစုလူဝေးများထဲတွင် လည်းကောင်း ပါးစပ်နှာခေါင်းစည်းကို တိကျမှန်ကန်စွာ အသုံးမပြုတတ်သေးကြောင်း တွေ့ရှိရသည်။

မည်သူတွေ ပါးစပ်နှာခေါင်းစည်း တပ်ဆင်သင့်ပါသလဲ။

၁။ လူနာနှင့် တစ်အိမ်တည်း အတူနေထိုင်၍ လူနာအား အနီးကပ်ပြုစုနေသည့်သူများ (ခြောက်ပေကွာတွင် အတူနေထိုင်သူ)၊
၂။ ဖျားနာနေသူ၊
၃။ လူနာဖျားနေစဉ် အခြားလူများအနီးသို့ မလွှဲမရှောင်သာ သွားလာသောအခါ၊
၄။ လူနာဖျားနေစဉ် အိမ်မှ ထွက်ခွာသွားသောအခါ (ဥပမာ-ဆရာဝန်သွားပြခြင်း)၊
၅။ ဖျားနာနေသူနှင့် တစ်အိမ်တည်းနေသူသည် ကျန်းမာသော်လည်း အပြင်ထွက်သောအခါ၊
၆။ လူထူထပ်သောနေရာသို့ သွားသောအခါ (ကမ္ဘာ့ လူတုပ်ကွေး ကပ်ရောဂါ ဖြစ်နေသောအချိန်)။

ပါးစပ်နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျအသုံးပြုရပါမည်။

၁။ မတပ်ဆင်မီ လက်ကို စင်ကြယ်စွာ ဆေးကြောရမည်။
၂။ တပ်ဆင်ထားချိန်တွင် ပါးစပ်နှာခေါင်းစည်း၏ အပြင်ဘက် မျက်နှာပြင်ကို လက်နှင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ။
၃။ ပါးစပ်နှာခေါင်းစည်း စိုထိုင်းလာလျှင် အသစ်လဲလှယ် တပ်ဆင်ရမည်။
၄။ ပါးစပ်နှာခေါင်းစည်းကို ဖြုတ်ပြီးလျှင် လက်ကို ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရမည်။
၅။ တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းများကို တစ်ကြိမ်သာသုံး၍ စနစ်တကျ စွန့်ပစ်ရမည်။ သုံးပြီး ပါးစပ်နှာခေါင်းစည်းကို စွန့်ပစ်မည်ဆိုလျှင် အပြင်ဘက်မျက်နှာပြင်ကို လက်ဖြင့် မထိစေဘဲ တပ်ထားသော ကြိုးမှကိုင်၍ သေချာစွာထုပ်ပိုးပြီး စနစ်တကျ စွန့်ပစ်ရမည်။ အခြားအသုံးပြုသော ပစ္စည်းများနှင့်လည်း မထိတွေ့စေသင့်ပါ။
၆။ သုံးပြီးသော တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းဟောင်းများကို စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် အောက်ပါအတိုင်း စီစဉ်ထားရှိရန် -
   - အမှိုက်ပုံး လုံလောက်စွာ ထားရှိရန်၊
   - အမှိုက်ပုံးများတွင် ပလတ်စတစ်အိတ်ထည့်၍ အဖုံးထားရှိရန်၊
   - အမှိုက်သိမ်းဝန်ထမ်းများသည် ပါးစပ်နှာခေါင်းစည်းနှင့် လက်အိတ် အသုံးပြုရန်နှင့်
   - သတ်မှတ်နေရာတွင် စနစ်တကျ မီးရှို့ ဖျက်ဆီးရန်တို့ ဖြစ်သည်။
၇။ တစ်ခါသုံးမဟုတ်သော ပါးစပ်နှာခေါင်းစည်းကို ပြန်လည် အသုံးပြုမည်ဆိုပါက Bleaching Powder ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့်ဖျော်၍ မိနစ် ၃၀စိမ်ခြင်း သို့မဟုတ် ရေနွေးဖြင့် ပြုတ်ခြင်းဖြင့် ပိုးသန့်စင်ရမည်။

ကမ္ဘာ့လူတုပ်ကွေးသည် ကပ်ရောဂါအသွင်ဖြစ်ပေါ်လျက်ရှိနေသဖြင့် ပါးစပ်နှာခေါင်းစည်းတပ်ခြင်း တစ်ခုတည်းဖြင့် ရောဂါကာကွယ်မှု မရနိုင်ပါ။ လူထူထပ်သော နေရာများ၊ ဖျားနာသောသူများနှင့် ထိတွေ့ခြင်းကို ရှောင်ကြဉ်ခြင်း၊ **လက်ကို စင်ကြယ်စွာ ဆေးကြောခြင်းကို** မကြာခဏ ပြုလုပ်သင့်သည်။ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ပါးစပ်နှာခေါင်းစည်းတပ်ခြင်းအပြင် လက်ကို စနစ်တကျသန့်စင်စွာ ဆေးကြောခြင်းသည်လည်း အဓိကကျသော ရောဂါကာကွယ်ရေး နည်းလမ်းတစ်ခု ဖြစ်သည်။

လက်ဆေးခြင်းသည် ကျန်းမာရေးအတွက် အရေးကြီးကြောင်း သိရှိကြသော်လည်း လူအများစုမှာ သန့်စင်ခန်းအသုံးပြုပြီးချိန်တွင်သာ လက်ဆေးခြင်းဖြင့် ရောဂါအများစုကို ကာကွယ်နိုင်သည်ဟု ထင်မြင်ယူဆကြသည်။ တစ်နေ့တာလုံးတွင် လူအချင်းချင်း ထိတွေ့ခြင်းဖြင့်လည်းကောင်း၊ ပိုးမွှားများရှိနေသော အရာဝတ္ထုပစ္စည်းများ၊ အစားအသောက်များ၊ တိရစ္ဆာန်များနှင့် ၎င်းတို့၏ အညစ်အကြေးများကို ထိတွေ့ကိုင်တွယ်မိခြင်းဖြင့်လည်းကောင်း လက်များတွင် ပိုးမွှားများထိတွေ့ စုဝေးနေတတ်သည်။ အကယ်၍ လက်ကို ဆေးကြောခြင်းမရှိပါက ပိုးမွှားများရှိနေသော လက်မှတစ်ဆင့် မိမိတို့၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်များကို ထိမိကိုင်မိခြင်းဖြင့် မိမိကိုယ်ကို ရောဂါကူးစက်စေသည်။ ထို့အပြင် ၎င်းပိုးမွှားများရှိနေသော လက်များဖြင့် အခြားသော အရာဝတ္ထုများဖြစ်သည့် လူအများသုံး ပိုက်ဆံများ၊ တံခါးလက်ကိုင်များ၊ ဓာတ်လှေကားခလုတ်၊ မီးခလုတ်များ၊ ကွန်ပျူတာ၊ တယ်လီဗွီးရှင်း ကဲ့သို့သော အများသုံး လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်ခြင်းဖြင့် အခြားသူများသို့လည်းကောင်း၊ အခြားသူများမှ မိမိကိုယ်တိုင်သို့လည်းကောင်း ရောဂါပိုးများ ကူးစက်ပြန့်ပွားစေသည်။ လက်ကို သန့်စင်စွာ ဆေးကြောခြင်းသည် တုပ်ကွေးရောဂါများနှင့် အစာအိမ်၊ အူလမ်းကြောင်းရောဂါအများစုကိုလည်း ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောခြင်းသည် ရိုးရှင်းလွယ်ကူသော နည်းလမ်းတစ်ခုဖြစ်ပြီး လက်ဆေးခြင်းအလေ့အထကို လေ့ကျင့်ပေးရုံဖြင့် ပြုလုပ်နိုင်ပြီး အထူးစက်ကိရိယာများလည်း မလိုအပ်ပါ။ လက်ဆေးရာတွင် ရေနှင့်ဆပ်ပြာဖြင့် ဆေးကြောခြင်းနှင့် ရေအလွယ်တကူ မရရှိပါက အရက်ပြန် အသုံးပြု၍ သန့်စင်နိုင်သည်။

စနစ်ကျသော လက်ဆေးနည်းအဆင့်ဆင့်(လက်ကို ရေနှင့်ဆပ်ပြာဖြင့် ဆေးနည်း)

၁။ လက်နှင့်လက်ကောက်ဝတ်ကို ရေစွတ်ပါ။ ဆပ်ပြာတိုက်ပါ။
၂။ တစ်ဖက်လက်ပေါ်တွင် တစ်ဖက်လက်ကို ပွတ်ပါ။
၃။ လက်ဖဝါးချင်း လက်ချောင်းများကို ယှက်၍ပွတ်ပါ။
၄။ တစ်ဖက်လက်ဖမိုးကို တစ်ဖက်လက်ဖဝါးဖြင့် ပွတ်ပါ။
၅။ လက်ချောင်းနောက်ကျောကို တစ်ဖက်လက်ချောင်းများဖြင့် ပွတ်ပါ။
၆။ တစ်ဖက်လက်မကို တစ်ဖက်လက်ဖဝါးဖြင့် ဆုပ်ပွတ်ပါ။
၇။ တစ်ဖက်လက်ချောင်းနှင့် လက်မထိပ်တို့ဖြင့် တစ်ဖက်လက်ဖဝါးကို ရှေ့နောက်ဝိုက်၍ပွတ်ပါ။
၈။ တစ်ဖက်လက်ကောက်ဝတ်ကို တစ်ဖက်လက်ဖဝါးဖြင့် ရှေ့နောက်ပွတ်ပါ။

ဘယ်အချိန်မှာ လက်ဆေးမလဲ။

၁။ သန့်စင်ခန်းမှ ထွက်လာသောအချိန်၊
၂။ အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ခြင်းမပြုမီနှင့် ချက်ပြုတ်ပြီးချိန်၊
၃။ အစာမစားမီ၊
၄။ လူအများ နေ့စဉ်ကိုင်တွယ်အသုံးပြုနေသော ပစ္စည်းများ(ဥပမာ-ပိုက်ဆံ၊ တံခါးလက်ကိုင်၊ အများသုံးတယ်လီဖုန်း၊ အများသုံး လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်ပြီးသောအချိန်)၊
၅။ နှာရည်များ ကိုင်တွယ်ပြီးသောအချိန်၊
၆။ ချောင်းဆိုး နှာချေချိန်တွင် လက်ဖြင့် ထိတွေ့မိသောအခါ၊
၇။ ထိခိုက်ရှနာများ မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးချိန်၊
၈။ လူနာများကို မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးချိန်၊
၉။ တိရစ္ဆာန်များကို ကိုင်မိပြီးသောအခါနှင့် တိရစ္ဆာန်အညစ်အကြေးများ ကိုင်တွယ်ပြီးသောအချိန်၊
၁၀။ အညစ်အကြေး စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ပြီးချိန်၊
၁၁။ လူအများအသုံးပြုသော သန့်စင်ခန်း(ဥပမာ-လေယာဉ်ကွင်း၊ ဘူတာရုံနှင့် စားသောက်ဆိုင်များတွင်ရှိသော သန့်စင်ခန်းများ)ကို အသုံးပြုပြီးသော အချိန်များတွင် လက်ဆေးသင့်ပါသည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါသည် တစ်ကြိမ်သာမက နှစ်ကြိမ်၊ သုံးကြိမ် ဖြစ်တတ်လေ့ရှိသည်။ ၎င်းသည် လူမှလူသို့ ကူးစက်မှုမြန်ခြင်းနှင့် အသက်အရွယ်မရွေး ရောဂါဖြစ်နိုင်ခြင်းအပြင် ရောဂါပြင်းထန်ပါက အသက်ဆုံးရှုံးမှု ဖြစ်ပွားနိုင်သည်။ ကုသနိုင်သော ဆေးဝါးများရှိသော်လည်း ရောဂါပြန့်ပွားမှုမဖြစ်အောင် ကြိုတင်ကာကွယ်မှုက ပိုမိုအရေးကြီးပေသည်။

တုပ်ကွေးရောဂါလက္ခဏာရှိသူများအား ဆေးရုံတွင် သီးခြားထားရှိ ကုသခြင်း (Isolation) နှင့် ဆေးရုံတက်လူနာများအား Antiviral Drug (Tamiflu) ဆေးပေးရာတွင် **ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာ့လူတုပ်ကွေးဆိုင်ရာ ကုသမှုညွှန်ကြားချက်အရ** ရောဂါကူးစက်ပြီးသော်လည်း ရောဂါပြင်းထန်မှု အန္တရာယ်ရှိနိုင်သည့် လူနာအုပ်စုများကိုသာ Tamiflu ဆေးဖြင့် ကုသပေးရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး ရောဂါခုခံနိုင်စွမ်းရှိသည့် လူအုပ်စုများ Normal Healthy Adults အတွက် Tamiflu ဆေးကို တိုက်ကျွေး၍ ရောဂါကာကွယ်ရန် (Prophylaxis Treatment) ပေးရန်မလိုပါ။

သို့ဖြစ်၍ လူတစ်ဦးချင်းစီအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်အတွက်-

(၁) လက်ကို စနစ်တကျ မကြာခဏဆေးခြင်း၊
(၂) ပါးစပ်နှာခေါင်းစည်း သေချာစွာအသုံးပြုခြင်း။
(အထူးမှတ်သားရန်မှာ- လက်ဆေးနည်းလမ်း မမှန်မကန်ပါက ရောဂါကာကွယ်မှု အကျိုးကျေးဇူးမရရှိသည့်အပြင် ရောဂါပိုးများ အလွယ်တကူ ဝင်ရောက်ရန် အခွင့်အလမ်းများ ရရှိသွားနိုင်သည်။ ထို့အတူ ပါးစပ်နှာခေါင်းစည်းကို ဖော်ပြခဲ့သည့် နည်းလမ်းများအတိုင်း သေချာစွာကိုင်တွယ် အသုံးပြုခြင်းမပြုပါက ရောဂါပိုးများ နှာခေါင်းနှင့် ပါးစပ်တို့မှ လက်သို့လည်းကောင်း၊ လက်မှ နှာခေါင်းနှင့် ပါးစပ်တို့သို့လည်းကောင်း ပါးစပ်နှာခေါင်းစည်းမှ တစ်ဆင့် အလွယ်တကူ ဝင်ရောက်မည်။)
(၃) လူအများ နေ့စဉ်ကိုင်တွယ်အသုံးပြုနေသော ပစ္စည်းများ (ဥပမာ-တံခါးလက်ကိုင်၊ လှေကားလက်ရန်း)တို့ကို အရက်ပြန်ဖြင့် နေ့စဉ် တစ်ကြိမ်မှ နှစ်ကြိမ်ဆေးခြင်း၊
(၄) ကိုယ်ခံအားပြည့်ဝရန်အတွက် အိပ်ရေးဝဝအိပ်ရန်နှင့် အနားယူခြင်း၊
(၅) ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စားသောက်ခြင်း၊
(၆) မလိုအပ်ဘဲ စုဝေးစကားပြောခြင်း၊ လူထူထပ်သော နေရာသို့ သွားခြင်း၊
(၇) ပွဲလမ်းသဘင်သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၈) ရောဂါဖြစ်ပွားသူနှင့် ၎င်းနှင့်အတူနေသူများအား သီးခြားခွဲခြားစောင့်ကြပ်ကုသခြင်းတို့ကို လိုက်နာကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

ပြည်ပကစားသမားများနှင့်အပြိုင် မြန်မာဂေါက်သီးကစားသမားများ လက်စွမ်းပြမည့် Air Bagan Myanmar Open 2010

အမေး/အရေး- ဝင်းကျော်၊ ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု- ခိုင်လွင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကလပ်၌ ဧပြီ ၈ရက်မှစ၍ ၁၁ရက်အထိ Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းသမားများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂နာရီက ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပသည်။

ပြန်လည်ကျင်းပ

Myanmar Open ဂေါက်ရိုက်ပြိုင်ပွဲကို ၁၉၉၆ခုနှစ်မှစ၍ ၂၀၀၅ခုနှစ်အထိ (၁၀)ကြိမ် ကျင်းပခဲ့ပြီးနောက် လေးနှစ်ကြာမှ Air Bagan Ltd. က အဓိက ကူညီပံ့ပိုး၍ IBTC ကလည်း

“အတွေ့အကြုံလည်းရသလို အောင်မြင်မှုလည်းရအောင် ကြိုးစားကစားမှာပါ”
အောင်ဝင်း။

ဝိုင်းဝန်းပံ့ပိုးပေးကာ ယခုနှစ်အတွင်း Air Bagan Myanmar Open 2010 အဖြစ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာပီဂျီအေနှင့် Asian Tour တို့က ကြီးကြပ် ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဩစတြေးလျ၊ စင်ကာပူ၊ အိန္ဒိယ၊ ထိုင်း၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံတကာ ဆုကြေးစားပြိုင်ပွဲများ၌ အောင်မြင်နေသော ကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နိုင်ငံပေါင်း ၃၀မှ ပြိုင်ပွဲဝင် ၁၂၀ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထိပ်သီးကစားသမားများဖြစ်သည့် ဇော်မိုး၊ စိုးကျော်နိုင်၊ အောင်ဝင်းနှင့် ဇော်ဇော်လတ်အပါအဝင် ၂၄ဦး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမရသူအားအမေရိကန်ဒေါ်လာငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲတစ်ခုလုံးအတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာသုံးသိန်း ချီးမြှင့်မည်ဖြစ်သဖြင့် ပြည်တွင်းပြိုင်ပွဲ၌ ဆုကြေးအများဆုံး ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ပွဲခံ

ယခု ကျင်းပမည့် ပြိုင်ပွဲတွင် ဩစတြေးလျမှ Andrew Dodt က ပြိုင်ပွဲကို ဦးဆောင်ကစားနိုင်မည်ဟု ပြိုင်ပွဲဝင်အချို့ထံမှ ကြားသိရသည်။ ၎င်းသည် ယခုလောလောဆယ် အိန္ဒိယ၌ ကျင်းပခဲ့သော Asian Tour ပြိုင်ပွဲ၌ အောင်ပွဲခံနိုင်ခဲ့ပြီး Asian Tour Order of Merit ရရှိခဲ့သူဖြစ်သည်။

ပြောကြား

ပြိုင်ပွဲဝင်ကစားသမားများနှင့် စာနယ်ဇင်းတို့တွေ့ဆုံရှင်းလင်းပွဲတွင်ဩစတြေးလျနိုင်ငံသား Andrew Dodt က“ကျွန်တော့်အနေနဲ့ ပုံမှန်ကစားနေကျအတိုင်းပဲ ကစားမှာပါ။ ပြီးခဲ့တဲ့အိန္ဒိယပွဲမှာ အနိုင်ရခဲ့ပေမယ့် မြန်မာပြည်ပွဲမှာတော့ အနိုင်ရမရ မပြောနိုင်ပါဘူး။ ဒါပေမယ့် အကောင်းဆုံး ယှဉ်ပြိုင်နိုင်အောင် ကြိုးစားမှာပါ။ မြန်မာရာသီဥတုနဲ့လည်း လိုက်ဖက်ကစားနိုင်အောင် ပြင်ဆင်ထားပါတယ်”ဟု ပြောကြားသည်။

၎င်းသည်ဆုကြေးစားအဖြစ် ၂၀၀၇ ခုနှစ်က စတင်ခဲ့သည်။

Air Bagan Myanmar Open 2010 ပြိုင်ပွဲ ကျင်းပမှုနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲသို့ တက်ရောက်သူများအား တွေ့ရစဉ်။

အကောင်းဆုံးဖြစ်အောင်

ပြည်ပမှ ဆုကြေးစားကစားသမားများနှင့်အပြိုင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် ဇော်မိုးကလည်း “ကျွန်တော့်အနေနဲ့

“နိုင်ငံတကာမှ ကစားသမားတွေနဲ့ ယှဉ်ပြိုင်ရတော့ မြန်မာကစားသမားတွေ လက်ရည်ကောင်းကြောင်း ပြသရမယ့်ပွဲပါ”
စိုးကျော်နိုင်။

ပြည်တွင်းပြိုင်ပွဲတွေမှာ သိပ်မပြိုင်ဖြစ်ပေမယ့် ဒီပွဲမှာတော့ အကောင်းဆုံးဖြစ်အောင် ကစားနိုင်မယ်လို့ထင်ပါတယ်”ဟု ဖြေကြားသည်။

ဇော်မိုးသည် အသက် ၄၃နှစ်ရှိပြီး စင်ကာပူ၌ အခြေစိုက်နေထိုင်ကာ ပြည်ပပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ကစားနေပြီး အောင်မြင်မှုရရှိနေသူ ဖြစ်သည်။ ၁၉၈၇ ခုနှစ်နှင့် ၁၉၈၈ခုနှစ်က မြန်မာအပျော်တမ်းအိုးပင်းပြိုင်ပွဲ၌ နှစ်ကြိမ်ဆက် အနိုင်ရရှိခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ဆုကြေးစားဖြစ်လာသည်။

လက်ရည်ကောင်းပြသ

ပြည်တွင်းပြိုင်ပွဲများ၌ အောင်မြင်မှုရရှိနေပြီး ထင်ရှားသော ဂေါက်ရိုက်ကစားသမားတစ်ဦးဖြစ်သည့် စိုးကျော်နိုင်ကို သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းရာတွင် “ယခုပြိုင်ပွဲအတွက် ကွင်းအနေအထားနဲ့ အသားကျအောင် အများကြီး လေ့ကျင့်ထားပါတယ်။ Andrew Dodt ကတော့ အဓိကယှဉ်ပြိုင် ရမယ့်သူပါ။ အဆင့် (၁)မှ (၁၀)အတွင်း ရအောင်ကစားမှာပါ။ အခြားကစားသမားတွေလည်း ကောင်းပါတယ်။ နိုင်ငံတကာမှ ကစားသမားတွေနဲ့ ယှဉ်ပြိုင်ရတော့ မြန်မာကစားသမားတွေ လက်ရည်ကောင်းကြောင်း ပြသရမယ့်ပွဲပါ”ဟု ဖြေကြားသည်။

စိုးကျော်နိုင်သည် အသက် ၄၁ နှစ်ရှိပြီး ၁၉၉၆ခုနှစ်က ဆုကြေးစားဖြစ်လာသည်။ ပြည်တွင်းပြိုင်ပွဲများ၌ ဆုများစွာ ရရှိခဲ့ဖူးပြီး နိုင်ငံတကာ ပြိုင်ပွဲများ၌ ယှဉ်ပြိုင်နိုင်ရန် ကြိုးစားနေသူဖြစ်သည်။

ကြိုးစားကစား

ဆက်လက်၍ လူငယ်သော်လည်း ပြည်တွင်းဂေါက်ရိုက်ပြိုင်ပွဲများ၌ အောင်မြင်မှုရရှိနေသူအောင်ဝင်းအားမေးမြန်းရာ “ပြိုင်ပွဲဝင်မယ့် ကွင်းအနေအထားရော ဂေါက်ရိုက်တံကအစ ပြိုင်ပွဲဝင်တဲ့အခါ အဆင်ပြေစွာ ကစားနိုင်အောင်လေ့ကျင့်ထားပါတယ်။ အတွေ့အကြုံရင့်တဲ့ ပြည်တွင်း ပြည်ပ ကစားသမားတွေနဲ့ ယှဉ်ပြိုင်ရမှာမို့ အတွေ့အကြုံလည်း ရသလို အောင်မြင်မှုလည်းရအောင် ကြိုးစားကစားမှာပါ”ဟု သတင်းအဖွဲ့သို့ ဖြေကြားသည်။

အောင်ဝင်းသည် အသက် ၂၉ နှစ်ရှိပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာက ဆုကြေးစား ဖြစ်လာသည်။ မြန်မာပီဂျီအေနှင့် အပျော်တမ်းပြိုင်ပွဲများ၌ အောင်မြင်မှု အကြိမ်ကြိမ်ရရှိခဲ့သူ ဖြစ်သည်။

ပြိုင်ပွဲကောင်း

ယခု ကျင်းပသော Air Bagan Myanmar Open 2010 ပြိုင်ပွဲသည် ပြိုင်ပွဲဝင်များအတွက် ဆုကြေးအများဆုံး ချီးမြှင့်ခြင်းဖြစ်ပြီး ပြည်ပကစားသမားများမှာလည်း ဆုကြေးစားများဖြစ်၍ အဆင့်အတန်းမြင့်ပြီး မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် ကစားသမားများအတွက်လည်း အတွေ့အကြုံကောင်းများ ရရှိစေမည့် ပြိုင်ပွဲကောင်းတစ်ရပ်ဖြစ်ကြောင်း တွေ့ဆုံမေးမြန်းစေ့ငုမိသမျှ ရေးသားလိုက်ရပါကြောင်း....။ ။

(မြန်မာ့အလင်း)

မက်ဆီတစ်ဦးတည်းလေးဂိုးသွင်း၊ ဘာကာအကြိုဗိုလ်လုပွဲတက် စနိုက်ဒါ၏သွင်းဂိုးဖြင့် အင်တာမီလန်အောင်ပွဲရ

မောင်မောင်မြင့်ဆွေ-ရေးသားသည်

ဘာစီလိုနာ ဧပြီ ၇

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်များကို ဧပြီ ၆ရက်နှင့် ၇ရက်များ၌ ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိချန်ပီယံ ဘာစီလိုနာက ဧည့်သည် အာဆင်နယ်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စီအက်စ်ကေအေနှင့် အင်တာမီလန်တို့ပွဲတွင်လည်း အင်တာမီလန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သဖြင့် ဘာစီလိုနာနှင့် အင်တာမီလန်တို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ၌ ဆုံတွေ့ကြပြီ ဖြစ်သည်။



ဘာစီလိုနာအတွက် မက်ဆီ(ယာ)က အာဆင်နယ်ဂိုးသမားပေါ်ကျော်ကာ ဤသို့ ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘာစီလိုနာနှင့်အာဆင်နယ်

ပထမအကျော့ပွဲစဉ်၌ အိမ်ကွင်းတွင် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရာ ယခုပွဲ၌ အာဆင်နယ်တို့ ခြေကုန်ထုတ်ခဲ့သည်။ ဘာစီလိုနာတို့ကလည်း အိမ်ကွင်း၌ ဂိုးပြတ်သွင်းယူနိုင်ရေး စနစ်တကျ ပြင်ဆင်ယှဉ်ပြိုင်ခဲ့သည်။ ဘာစီလိုနာတွင် မက်ဆီ၊ ဘိုဂျန်၊ ဆာဗီးတို့ ဦးဆောင်ကစားခဲ့ပြီး အာဆင်နယ်က ဝေါလ်ကော့သ်၊ ရိုဆစ်စကီး၊ နာဆရီနှင့် ဘင့်တနာတို့ကို အားပြုခဲ့သည်။

ရရှိခဲ့

ဘာစီလိုနာသည် ပွဲစတင်ကတည်းက ကစားကွက်ကို ထိန်းချုပ်နိုင်ခဲ့ပြီး အာဆင်နယ်နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့သည်။ ဘာစီလိုနာက ဂိုးသွင်းခွင့် ၁၄ ကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့် ရှစ်ကြိမ် ရရှိခဲ့သည်။ သို့သော် ပွဲအစ ၁၈မိနစ်၌ပင် အာဆင်နယ်တိုက်စစ်မှူး ဝေါလ်ကော့သ်ပေးလိုက်သည့် ဘောလုံးကို ဘင့်တနာ သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

ချေပဂိုး

ဘာစီလိုနာတို့ ချေပဂိုးရရှိရေး ထိုးဖောက်ကစားရာ ကစားကွက်စီးမိပြီး ၂၁မိနစ်၌ မက်ဆီက ချေပဂိုး သွင်းယူနိုင်ခဲ့သည်။ ဘာစီလိုနာတို့ အချိတ်အဆက်မိမိ တိုက်စစ်ဆင်ခဲ့ရာ အာဆင်နယ်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ အထူးသဖြင့် မက်ဆီကို အာဆင်နယ်ခံစစ်မှူးများ မထိန်းချုပ်နိုင်ဘဲ ဖြစ်နေရာ ၃၇မိနစ်နှင့် ၄၂မိနစ်တို့၌ မက်ဆီက နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။ ပထမပိုင်း၌ပင် ဘာစီလိုနာတို့ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး မက်ဆီလည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။

မှတ်ချက်ပြု

အာဆင်နယ်တို့ ချေပဂိုး မသွင်းနိုင်ဘဲရှိနေရာ ၈၈မိနစ်တွင် မက်ဆီကပင် စတုတ္ထမြောက်ဂိုးကို သွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ပွဲပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးဖြင့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင် အာစင်ဝင်းဂါးက မက်ဆီသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

စီအက်စ်ကေအေ အသင်းဘက်သို့ အင်တာမီလန်တိုက်စစ်မှူး စနိုက်ဒါက ဤသို့ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးရရှိရေးကြိုးစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

စီအက်စ်ကေအေနှင့် အင်တာမီလန်

အီတူးဦးဆောင်သော အင်တာမီလန်တိုက်စစ်ကို စီအက်စ်ကေအေ ခံစစ်မှူးများနှင့် ဂိုးသမားတို့ ကြိုးစားဟန့်တားကာကွယ်ခဲ့ရသည်။ အီတူး၊ ပင်ဒက်၊ မီလီတို၊ စတန်ကိုဗစ်တို့ အတွဲညီညီကစားနိုင်ခဲ့သဖြင့် ပွဲအစခြောက်မိနစ်၌ပင် စနိုက်ဒါက အင်တာမီလန်အတွက် အဖွင့်ဂိုးနှင့် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ စီအက်စ်ကေအေတို့ အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့ရာမှ ၄၉မိနစ်တွင် စီအက်စ်ကေအေမှ အိုဒက် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသဖြင့် ၁၀ဦးတည်းဖြင့် ကစားခဲ့ရသည်။ စီအက်စ်ကေအေတို့ အပိုင်ကန်သွင်းခွင့် နှစ်ကြိမ်ရရှိသော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ အင်တာမီလန်တို့ စီအက်စ်ကေအေကို အကြိတ်အနယ်ကစားကာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုးပြတ်ဖြင့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ခန္ဓာကိုယ်အပြင်ဘက်၌ နှလုံးတည်ရှိနေသူ ကလေးငယ်

ကိုသစ္စာ ရေးသားသည်

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့မှ ခရစ်ဝေါလ် အမည်ရှိကလေးငယ်တစ်ဦးသည် မွေးကတည်းကပင် သူ၏နှလုံးမှာ ခန္ဓာကိုယ်အပြင်ဘက်သို့ ထွက်ရှိနေခဲ့သည်ကို ထူးခြားစွာ တွေ့ရှိခဲ့ရသည်။

ခွဲစိတ်ကုသ

ခရစ်ဝေါလ်ကို အအေးခန်းကြပ်မတ်ကုသဆောင်တွင် ထားရှိကာ ခန္ဓာကိုယ်အပြင်ဘက်သို့ ထွက်ရှိနေသောနှလုံးကို ခန္ဓာကိုယ်အတွင်းရှိ မူလနှလုံးနေရာသို့ ပြန်လည်ထားရှိရေး ဆရာဝန်များက ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ကြသည်။

ပုံမှန်

ခရစ်ဝေါလ်၏ နှလုံးမှာ ဝမ်းဗိုက်အပြင်ဘက်တွင် သီးခြားထွက်ရှိနေသော်လည်း နှလုံး၏လုပ်ငန်းများ ပုံမှန်လုပ်ဆောင်နေသဖြင့် ခရစ်ဝေါလ်သည် သေဆုံးခြင်း မရှိခဲ့ချေ။

ရှင်သန်

ဆရာဝန်များက ခရစ်ဝေါလ် အသက်လေးလအရွယ် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၇ရက်က ခွဲစိတ်ခဲ့ပြီး နှလုံးကို နေရာတကျ ပြန်လည်ထားရှိ ကုသပေးခဲ့ရကြောင်း၊ အသက် ဆက်လက်ရှင်သန်ခဲ့ကြောင်း၊ ယခုအခါ ဝေါလ်၏အသက်သည် တစ်နှစ်နှင့်သုံးလ ရှိပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ဆရာဝန်များက ထုတ်ဖော်ပြောကြားသည်။ ။

(အင်တာနက်)

အင်အားအလွန်ပြင်းသော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၇

ယနေ့ နံနက် ၄နာရီ ၄၈မိနစ် ၂၈ စက္ကန့် အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြား)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ၈ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မီးအစဉ်သတိပြု

တိုင်းရေအလှကို ထွန်းပဝေဖြာစေသည့် ချောင်းသာကျေးရွာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - တင်ဝင်းလေး(ကြည့်မြင်တိုင်) ➤ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ပုသိမ် ဧပြီ ၇

ချောင်းသာ....။ မြန်မာ့ကမ်းခြေအလှများထဲတွင် နာမည်ကြီးတစ်ခု။ ခရီးသွားများ အထူးနှစ်ခြိုက်ကြသဖြင့် ပြည်ပခရီးသွားဧည့်သည်များအပါအဝင် လာရောက်အပန်းဖြေမှုများဖြင့် စည်ကားလျက်ရှိသည်။ ချောင်းသာကမ်းခြေ စည်ကားလာသည်နှင့်အမျှ ကမ်းခြေဆက်စပ်ဒေသများလည်း ဖွံ့ဖြိုးလာခဲ့ပေပြီ။

"နိုင်ငံတော် အစိုးရအပေါ် ဝန်းကျင်ကျေးရွာတွေရဲ့ တုံ့ပြန်ကျေးဇူးတင်စကားတွေကို ကြားနေရပါပြီ"

ဦးညီညီထွေး
အုပ်ချုပ်ရေးမှူး။

ချောင်းသာကမ်းခြေဒေသနှင့် ဆက်စပ်လျက်ရှိသော ချောင်းသာကျေးရွာအုပ်စု၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာရန် သတင်းအဖွဲ့ လေ့လာရေး ရောက်ရှိခဲ့သည်။

ပုသိမ်မြို့နယ် (ရွှေသောင်ယံ/ ချောင်းသာ) အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ကျော်နိုင်၊ ခိုင်ချောင်းသာမန်နေဂျာ ဦးကျော်ဟိုး၊ ချောင်းသာဦးမန်နေဂျာ ဦးအေးသွင်တို့နှင့် အတူ မော်တော်ဆိုင်ကယ်တစ်စီးစီဖြင့် သွားခဲ့ကြသည်။

ချောင်းသာကျေးရွာအုပ်စုမှာ ၂၆၁၇ ဧက ကျယ်ဝန်းပြီး အိမ်ထောင်စု ၂၅၈၈စု နှင့် အိမ်ခြေ ၂၅၈၈အိမ် တူညီစွာ ရှိနေသည်။ လူဦးရေအားဖြင့် တစ်သောင်း တစ်ထောင်ကျော် စုစည်းနေထိုင်ကြသည်။

မျက်စိတစ်ဆုံး

ကျောက်မောင်နှမသို့ သွားရာလမ်းမှာ ယခင်နှင့်မတူ မြေသားလမ်း မဟုတ်တော့ပေ။ စက်ယန္တရားကြီးများအပြင် လူအင်အားများစွာဖြင့် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်။ အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက "ဒီလမ်းက ချောင်းသာဟိုတယ်ဇုန်မှ ရွှေသောင်ယံကို သွားတဲ့လမ်းမကြီးပါ၊ အကျယ်ပေ ၂၀၊ အရှည်ပေ ၁၆၆၅၀ရှိပါတယ်"ဟု ရှင်းပြသည်။ တစ်တောင်ဆင်း တစ်တောင်တက် ခက်ခဲစွာခင်းထားရသည့် လမ်းမကြီးကို တောင်ကုန်းအထက်မှ မျက်စိတစ်ဆုံး မြင်တွေ့နေရသည်။

"ဒီလမ်းမကြီးဖြစ်ပေါ်လာတာဟာ ဒေသအတွက် အလွန်အဖိုးတန်လှပါတယ်၊ တစ်ချိန်က သွားလာရေးခက်ခဲလို့ ဒေသထွက်ကုန်များ အချိန်မီမပို့နိုင်တာကြောင့် စီးပွားရေးနိမ့်ကျမှုနဲ့အတူ ကျေးရွာတွေရဲ့ ဖွံ့ဖြိုးရေးတွေလည်း နှောင့်နှေးခဲ့ရပါတယ်။ အခုတော့ လမ်းမကြီး ကောင်းလာတဲ့အတွက် ဒေသထွက်ကုန်များ အချိန်မရွေး ပို့နိုင်ကြတော့မှာမို့ နိုင်ငံတော်အစိုးရအပေါ် ဝန်းကျင်ကျေးရွာတွေရဲ့ တုံ့ပြန်ကျေးဇူးတင်သံတွေကို ကြားနေရပါပြီ" ဟု မိမိကျေးရွာအတွက် အောင်မြင်စွာဆောင်ရွက်ပေးနိုင်မှုကြောင့် ဖြစ်ပေါ်နေသော ပီတိအပြုံးကို ဦးညီညီထွေး၏ မျက်နှာပြင်ဝယ် အထင်းသား တွေ့လိုက်ရသည်။

သတင်းအဖွဲ့ အမှတ်(၆)ရပ်ကွက်သို့ ခရီးဆက်ခဲ့ကြသည်။ သစ်လွင်သော မူလတန်းကျောင်းလေးရှေ့ဝယ် အားလုံး ရပ်လိုက်ကြသည်။ ချောင်းသာဦးမန်နေဂျာ ဦးအေးသွင်က "ဒီမူလတန်းကျောင်းလေးကို ကျွန်တော်တို့ ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းက အသစ်ဆောက်လုပ်လှူဒါန်းခဲ့တာဖြစ်ပြီး ၂၀၀၉ခုနှစ် ဇွန် ၁၁ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်"ဟု ပြောပြ၍ လေ့လာကြည့်မိသည်။

ဖြည့်ဆည်းတည်ဆောက်

ငါးကေမျှကျယ်ဝန်းသော မြေအကျယ် အဝန်းပေါ်ဝယ် အခန်းငါးခန်းပါ R.C တစ်ထပ်ကျောင်းလေးဖြစ်သည်။ ကျောင်းခြံ စည်းရိုးအတွင်း၌ အားကစားကွင်း၊ ရေတွင်း နှစ်တွင်းနှင့် သပ်ရပ်သော သီးခြားသန့်စင်ခန်းတို့ဖြင့် ဖြည့်ဆည်းတည်ဆောက်ထားသည်။

မူလတန်း ကျောင်းသစ်

ချောင်းသာဇုန်ဟိုတယ်အသင်းမှ ဆောက်လုပ်လှူဒါန်းထားသော မူလတန်းကျောင်းဆောင်သစ်က သပ်သပ်ရပ်ရပ် သစ်သစ်လွင်လွင်....။

လှူဒါန်း

ဆက်လက်၍ ခိုင်ချောင်းသာဟိုတယ် မန်နေဂျာ ဦးကျော်ဟိုးက "ကျွန်တော်တို့ ချောင်းသာဇုန် ဟိုတယ်များအသင်းအနေနဲ့ ဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်လာသလို ဆက်စပ်ကျေးရွာတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အစွမ်းကုန်အကူအညီပေးလျက်ရှိပါတယ်။ ဒီမူလတန်းကျောင်းလေးကို ငွေကျပ် ၃၀၉သိန်း အကုန်အကျခံ လှူဒါန်းခဲ့ပါတယ်။ ကျေးရွာ အထက ကျောင်းကြီးအတွက်ကိုလည်း ခေတ်မီသင်ထောက်ကူပြု ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းများကို လှူဒါန်းခဲ့ပါတယ်။ ဒါ့အပြင် ဧရာဝတီတိုင်းရှိ ကျေးလက်စာကြည့်တိုက်များအတွက် ဟိုတယ်တစ်လုံးလျှင် ၂၁ လက်မ ရောင်စုံတီဗွီတစ်လုံးစီနဲ့ ကက်ဆက်ငါးလုံးစီ လှူဒါန်းခဲ့ပါတယ်"ဟု ပြောပြသည်။ ဟိုတယ်လုပ်ငန်းရှင်များအသင်းအနေဖြင့် ကျေးရွာများအပေါ်ထားရှိသည့် စေတနာသဒ္ဓါတရားပင် ဖြစ်သည်။

ကျေးရွာအုပ်စုအတွင်း၌ အထက်တန်းကျောင်းကြီးတစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲတစ်ကျောင်း၊ မူလတန်း ခုနစ်ကျောင်းဖြင့် ကျေးရွာအတွင်းရှိ ကလေးငယ်များ၏ ပညာရေးကို ဖြည့်ဆည်းလျက်ရှိသည်။ ထို့ကြောင့် ချောင်းသာကျေးရွာအုပ်စုအတွင်းရှိ ကျောင်းသားလေးများမှာ မြို့ကြီးများရှိ ကလေးများနည်းတူ ပညာအခွင့်အလမ်းများ ပွင့်လန်းလျက်ရှိသည်။

အေးမြလှ

ထို့နောက် သတင်းအဖွဲ့သည် ရေပိုလှွဲ တည်ဆောက်နေသော ချောင်းသာရေလှောင်ကန်အမှတ်(၂)သို့ ရောက်ခဲ့ကြသည်။ ရေပိုလွှဲတည်ဆောက်မှုကို ကြီးကြပ်နေသော Hotel Max မန်နေဂျာ ဦးညီညီအောင်က "ကျွန်တော်တို့ချောင်းသာမှာ ဂါလန်သန်း ၆၀ဆံ့နဲ့ ဂါလန် ၁၀သန်းဆံ့ ရေလှောင်ကန်ကြီး နှစ်ကန်ရှိပါတယ်။ ရေလှောင်ကန် အမှတ်(၁)က ကျေးလက်ပြည်သူအတွက် သောက်သုံးရေဖြန့်ဝေပေးသလို ရေလှောင်ကန် အမှတ်(၂)က ဟိုတယ်ဇုန်အတွက် ဖြန့်ဝေပေးတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျေးလက်ပြည်သူများအတွက်သာမက ကမ်းခြေကို လာရောက်အနားယူကြတဲ့ ဧည့်သည်တွေအတွက် ရေချိုသောက်သုံးရေဟာ နှစ်စဉ်ဖူလုံမှုရှိပါတယ်"ဟု ရှင်းပြပါသည်။ ကျယ်ဝန်းသောရေကန်ကြီးမှာ စိမ်းကြည်ပြီး ပတ်လည်ဝန်းရံနေသော သစ်ပင်အရိပ်တို့ကြောင့် အေးမြလှပေသည်။

မြင့်မားသော ဆက်သွယ်ရေးတာဝါတိုင်ကြီးကို အဝေးကပင် လှမ်းမျှော်၍ မြင်တွေ့နေရသည်။ အော်တိုအိတ်ချိန်းရုံးသို့ရောက်သောအခါ တာဝန်ခံဦးမြင့်ဆွေက အပြုံးဖြင့် ဆီးကြိုနေသည်။

တပ်ဆင်ပေးထား

ရုံးအခန်းအတွင်း ဖိတ်ခေါ်ပြီး ဆောင်ရွက်နေသော ဆက်သွယ်ရေးစက်များကိုပြသ၍ တစ်လုံးချင်း ဆောင်ရွက်မှုတို့ကို ရှင်းပြသည်။ တစ်ချိန်က လက်လှည့်ဖုန်းများကို လိုင်းတောင်းပြီး အသုံးပြုနေရာမှ ၂၀၀၅ခုနှစ် အောက်တိုဘာလ ၃၁ရက်က စတင်၍ အော်တိုအိတ်ချိန်းလိုင်းအဖြစ် ပြောင်းလဲသုံးစွဲလာနိုင်ကြောင်း၊ ထို့အပြင် အများသုံး P.C.O ဆက်သွယ်ရေးဖုန်းများကိုလည်း လူစည်ကားရာနေရာနှင့် လိုအပ်သော နေရာများတွင် တပ်ဆင်ပေးထားကြောင်း သိရသည်။

စကားဝါတောင်ဘုရားသို့ သွားရာလမ်းတစ်လျှောက်တွင် အိမ်ရာမြေကွက်သစ်များ ဖော်ထုတ်နေမှုကို မြင်တွေ့ခဲ့ရသည်။ ဈေးသစ်ကြီး တည်ဆောက်နေသည့်အတွက် ယာယီဈေးလေးသို့ဝင်ခဲ့ကြသည်။ ကမ်းခြေလာ ဧည့်သည်တို့က အမှတ်တရပစ္စည်းများနှင့် ဒေသထွက်ကုန်တို့ကို အားပါးတရ စိတ်ကြိုက်ဝယ်ယူနေကြသည်ကို အားကျ၍ ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေမိသည်။

ထိုမှ သတင်းအဖွဲ့ကမ်းခြေသို့ ဆင်းခဲ့ကြသည်။ ကမ်းခြေတွင် ငါးဖမ်းစက်လှေများ အစီအရီ ရပ်ထားသည်ကို တွေ့မြင်ရသည်။ ငါး၊ ပုစွန်၊ ကဏန်းဒိုင်များ အရောင်းအဝယ်ဖြင့် စည်ကားနေသည်။ အနီးဆုံးဖြစ်သော ပုစွန်ဒိုင်သို့ ဝင်ခဲ့ကြသည်။

ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ကျော်နိုင်က သတင်းအဖွဲ့နှင့် မိတ်ဆက်ပေးသည်။ ဒိုင်ပိုင်ရှင်မှာ ဦးခင်မောင်လတ်(ခေါ်) ကိုပေါက် ဖြစ်သည်။ ဦးခင်မောင်လတ်က သတင်းအဖွဲ့အား သိလိုသမျှတို့ကို ရှင်းပြပေးသည်။ ပုစွန်ကန်များအတွင်းဝယ် ကြီးမားသော ကျောက်ပုစွန်ကြီးများကို တွေ့ရသည်။

အဓိကစီးပွားရေးလုပ်ငန်း

ဦးခင်မောင်လတ်က ကန်အတွင်းမှ ကျောက်ပုစွန်ကျားကြီးတစ်ကောင်ကို ဆယ်ယူပြသရင်း "ဒါက အစိမ်းရောင် (စိမ်းကျား)လို့ခေါ်တဲ့ ကျောက်ပုစွန်မျိုးပါ၊ အလေးချိန် တစ်ကီလိုခွဲခန့်ရှိပါတယ်၊ ဒီလို ကျောက်ပုစွန်မျိုးကို ပင်လယ်ရေအနက်ပေ ၁၀၀ကျော်မှာ ဖမ်းယူရရှိနိုင်ပါတယ်၊ တစ်ကီလိုကို ကျပ်ခြောက်သောင်းဝန်းကျင်ဈေးရှိပါတယ်၊ ကျွန်တော်တို့ ဒီပင်လယ်မှာ ကျောက်ပုစွန်အနေနဲ့ အစိမ်းရောင်(စိမ်းကျား)၊ နှန်းပုစွန်(ဘန်းဗူး)၊ ကျောက်ဘီလူး (အမဲ၊ အနီ၊ သရီးကာလာ) တို့ အများဆုံး ဖမ်းဆီးရရှိပါတယ်၊ ဒေသစားသုံးမှုအပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနဲ့ နိုင်ငံခြားပို့ကုန်အဖြစ် ဈေးကွက်ရှိတဲ့အတွက် ဒေသခံတို့ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်" ဟု ရှင်းပြပါသည်။

ချောင်းသာကျေးရွာတွင် စိုက်ထူထားသော မိုးထိမြင့်မား ဆက်သွယ်ရေးတာဝါတိုင်ကြီးက ဤသို့ ငွားငွားစွင့်စွင့်....။

ဖွံ့ဖြိုးတိုးတက်လာ

ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ကျော်နိုင်က "ပင်လယ်အတွင်း ပိုက်ချငါးဖမ်းတဲ့ ရေလုပ်ငန်းကို ကမ်းခြေကျေးရွာများက အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဇောက်ချလုပ်ကိုင်ကြပါတယ်၊ ညတုန်းက ပင်လယ်ပြင်တစ်ခုလုံး မြင်တွေ့ရတဲ့မီးလေးတွေက ငါးပိုက်ချတဲ့ လှေကလေးတွေပါ၊ နံနက်လေးနာရီလောက်ဆို ဒီကမ်းခြေဒိုင်တွေကို လာသွင်းကြပါတယ်၊ များသောအားဖြင့် ပင်လယ်ငါးများအပြင် ရောင်းပန်းလှတဲ့ ငါးသလောက်၊ ကဏန်း၊ ပုစွန်(ရိုးရိုး)နဲ့ ကျောက်ပုစွန်တွေ ရတတ်ကြပါတယ်၊ ကျောက်ပုစွန်၊ ကဏန်း၊ ငါးသလောက်က နိုင်ငံခြားပို့ကုန် ဖြစ်လာတဲ့အတွက် ဒေသခံ ရေလုပ်သားများအနေနဲ့ စီးပွားအခွင့်အလမ်းများ ဒီခေတ်မှာ အများကြီးရလာကြပါပြီ" ဟု ဖြည့်စွက်ရှင်းပြခြင်းကြောင့် ချောင်းသာကျေးရွာအုပ်စု ရေလုပ်သားများ၏ လူမှုဘဝများ ယခင်နှင့်မတူ များစွာဖွံ့ဖြိုးတိုးတက်လာပြီကို မြင်တွေ့နေရပေပြီ။

ထိုမှ စက်လှေတစ်စီးဖြင့် ကမ်းခြေကျေးရွာကလေးများဆီသို့ ခရီးဆက်ခဲ့ကြသည်။ ကမ်းခြေတစ်လျှောက် ရေလုပ်သားရွာလေးများကို လေ့လာရင်း ဥတိုချောင်းအတွင်းဝင်ခဲ့ကြသည်။ ဥတိုကျေးရွာဆိပ် မှ ဥတိုတံတားကြီးအပေါ်သို့ တက်ခဲ့ကြသည်။ ဥတို(ချောင်းသာ) တံတားသည် ဧရာဝတီတိုင်း ပုသိမ်မြို့နယ်အတွင်း အရေးပါသော တံတားတစ်စင်းဖြစ်သည်။ ဤတံတားကြီး မတည်ဆောက်မီတစ်ချိန်က ဟိုမှာဘက်ကမ်းနှင့် သည်မှာဘက်ကမ်း ခက်ခဲကြမ်းတမ်းစွာ ကူးသန်းမှုကို မှန်းမျှော်ကြည့်မိသည်။

ဒေသတွင်းဆက်သွယ်သွားလာမှု

တပ်မတော်အစိုးရ လက်ထက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃) က ၁၉၉၇ခုနှစ်မှ စတင်တည်ဆောက်၍ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီ ၃၀ရက်တွင် ဖွင့်လှစ်ပေးနိုင်မှုကြောင့် ဒေသတွင်းဆက်သွယ်သွားလာမှုများ ပိုမိုအဆင်ပြေလာခဲ့သည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် နေရာဒေသတိုင်း၌ မြန်ဆန်လွန်းလှပေစွ။ တောင်ပေါ်နှင့်မြေပြန့်၊ မြစ်တစ်စင်း၏ အရှေ့နှင့်အနောက်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုများစသည်ဖြင့် ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာပြီး ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ စီးပွားရေးနှင့် လူမှုဘဝအဖြာဖြာတို့မှာ ယခင်ကာလများနှင့်မတူညီ အပြောင်းလဲကြီး ပြောင်းလဲတိုးတက်နေပြီကို ကိုယ်တိုင်ရောက်ရှိတွေ့မြင်ခဲ့ရသော ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ချောင်းသာကျေးရွာအုပ်စုလေးကို ပမာပြ သာဓကထား၍ ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ချောင်းသာဟိုတယ်ဇုန်မှ ရွှေသောင်ယံသို့ သွားသော လမ်းသစ်ကိုလည်း ဤသို့ တွေ့ခဲ့ရသည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

နေပြည်တော် ဧပြီ ၇

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်မည့် ၂၀၁၀ခုနှစ် ဇွန်လ ၂၆ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများအား ဖိတ်ခေါ်ပါသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်မည့် ၂၀၁၀ခုနှစ် ဇွန်လ ၂၆ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မူးယစ်သည့်ဆေး အန္တရာယ်ပေး၊ ယှဉ်တွေးချိန်ဆ ရှောင်ကြဉ်ကြ
(ခ) အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး
(ဂ) စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

(၂) **ဝတ္ထုတို** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀အတွင်း ဖြစ်ပါသည်။

(၃) **ဆောင်းပါး** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀အတွင်းဖြစ်ပါသည်။

(၄) **တေးသီချင်း** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်းသို့မဟုတ် အဖွဲ့နှင့်သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါအကြောင်းအရာ တင်ပြပုံ၊ ဦးတည်ချက် မှန်ကန်၍ စကားလုံးကျစ်လျစ် ထိရောက်ရပါမည်။ ပြိုင်ပွဲဝင်မည့်တေးသီချင်းအား CD ဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချော သွင်းထားပြီးဖြစ်သော CD Master နှင့်အတူ စာသားကို ကွန်ပျူတာဖြင့် ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်း တစ်စောင်နှင့် အတူ ပေးပို့ရမည်။

(၅) **ကဗျာ** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့် ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းမိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် မြန်မာကဗျာ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀မှ ၁၀၀ (ပါဒ ၁၀၀မှ ၂၀၀) အတွင်း ရှိရမည်။

(၆) **ကာတွန်း၊ ပန်းချီ၊ ပိုစတာ** ပြိုင်ပွဲနှင့်ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ သုံးဆင့် ယှဉ်ပြိုင်ခွင့်ပြုပါသည်။ မူလတန်းအဆင့် (၃ ၊ ၄)တန်း၊ အလယ်တန်းအဆင့် (၅၊ ၆၊ ၇၊ ၈) တန်းနှင့် အထက်တန်းပညာအဆင့် (၉၊ ၁၀) တန်း ယှဉ်ပြိုင်ခွင့်ပြုပါသည်။ အသက်အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလို။ နှစ်သက်ရာ ဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့်ပန်းချီ၊ ပိုစတာရေးဆွဲချိန် ၃နာရီ၊ ကာတွန်းရေးဆွဲချိန် ၂နာရီသတ်မှတ်၍ သရုပ်ဖော်ရေးဆွဲစေပြီး ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀×၁၄)လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်း မပြုရ၊ နဂ္ဂတစ်(သို့) စလိုက်(သို့) ဒစ်ဂျစ်တယ်ပုံဖြစ်ပါက EXIF Data အပြည့်အစုံပါသော Original Raw File (သို့) 300 dpi Resolution ရှိ (၁၀×၁၄)လက်မအရွယ် Tiff File CD-R ဖြင့်ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆု နှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။ (မှတ်ချက်။ ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်ကို ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့ကို ပူးတွဲလျက် ပေးပို့ရမည်။)

(၈) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို ပြည်နယ်/တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် (၈၊ ၉၊ ၁၀)တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊ ၆၊ ၇)တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာ အမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw, Photoshop, Clarif Office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)
(ခ) ရေးဆွဲချိန် ၂နာရီ သတ်မှတ်ရန်၊
(ဂ) CD ဖြင့် ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ် ဗဟိုရုံးသို့ ပေးပို့ရမည်။

(၉) **ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာ** ပြိုင်ပွဲကို ပြည်နယ်/တိုင်းများတွင် အသက် (၁၅)နှစ်အထက် အလွတ်တန်း တစ်တန်းတည်းပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒစ်ဂျစ်တယ် ပြိုင်ပွဲဝင် CD များကို ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/ တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ပြတိုက် (ရန်ကုန်)သို့ ပေးပို့ရပါမည်။

(၁၀) **ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ** ပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင် တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင် တစ်ဦးလျှင် တစ်ပုံသာပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်/တိုင်း များမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်/တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်၊ ပြည်နယ်/တိုင်းများအနေဖြင့် သင့်လျော်သည့်နေ့ရက် သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးထွန်းဝေ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် (ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်) ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက်သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ လက်ရာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများကို မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက် ပေးပို့ရမည့် နေ့ရက်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ	၃၁-၅-၂၀၁၀ ရက်အရောက်
(ခ)	ပန်းချီ၊ ကာတွန်း၊ ပိုစတာ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ	၁၀-၆-၂၀၁၀ ရက်အရောက်
(ဂ)	တေးသီချင်း	၂၄-၅-၂၀၁၀ ရက်အရောက်
(ဃ)	ဓာတ်ပုံ	၂-၆-၂၀၁၀ ရက်အရောက်

(၁၅) စာမူတေးသီချင်း လက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၁၀ ခုနှစ် ဇွန်လ ၁၈ရက်နေ့တွင် ကြေညာမည်ဖြစ်ပါသည်။ ဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းများမှကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည် ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

(၁၇) **မှတ်ချက်** ။ ။မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည်ချက် ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့် သီကုံးရေးဆွဲ ရိုက်ကူးမှုကိုမဆို လွတ်လပ်စွာပြုလုပ်နိုင်ကြပါသည်။ ပြည်နယ်/တိုင်းများအနေဖြင့် ပြိုင်ပွဲအားလုံး၌ ပါဝင်ယှဉ်ပြိုင်သည့် လက်ရာအားလုံးကို မူးယစ်ဗဟိုရွေးချယ်ရေးအဖွဲ့သို့ ပေးပို့ရမည်ဖြစ်ပါသည်။ ။

နွေရာသီအထူးအိုင်တီသင်တန်းများ ဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၇

Myanmar WWW Institute ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းက နွေရာသီ အထူးအိုင်တီသင်တန်းများဖြစ်သည့် IT Essentials ၊ System Essentials နှင့် Web Easy သင်တန်းများကို ဧပြီလနောက်ဆုံးပတ်မှ စတင်ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

လက်တွေ့လေ့ကျင့်

IT Essentials သင်တန်းတွင် Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်သာ ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် လေးရက်(တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ)တက်ရောက်သင်ကြားရမည်ဖြစ်သည်။

System Essentials သင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်းပါဝင်သော စက်ပိုင်းဆိုင်ရာအစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့ကိုပြုပြင်ထိန်းသိမ်းနည်းများ၊ Windows XP ၏ ဆောင်ရွက်ချက်တို့အပြင် System Installation၊ Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaning နှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တက်ရောက်သင်ကြားရမည် ဖြစ်သည်။

ရည်ရွယ်

Web Easy သင်တန်းကိုမူ အသက် (၁၅)နှစ်နှင့်အထက် လူငယ် ကျောင်းသားတိုင်း Website တစ်ခုကို လွယ်ကူစွာ ရေးသားတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ အဆိုပါ သင်တန်းတွင် Dreamweaver ဖြင့် Web Page တစ်ခုကို စတင်ရေးသားတတ်အောင်သင်ကြားပြီး လှပသေသပ်သည့် Web Page များ ရေးသားတတ်စေရန် Web Design ကိုပါ ထပ်ဆင့် သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေ တက်ရောက်ရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းသုံးမျိုးလုံးသို့ ကွန်ပျူတာ အသုံးပြုတတ်သူ မည်သူမဆို တက်ရောက်နိုင်ပြီး တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဧပြီ ၉ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။ အဆိုပါ သင်တန်းများကို Myanmar WWW Institute တည်ရှိရာ အဆောင် (၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ်လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်းနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မတ် ၁၃ရက်က ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာ မြသဇင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီရှိန်က ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးအပ်လှူဒါန်းသော DTH စလောင်း ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဝင် တစ်ဦးက လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာပေးနှိုးဆော်ချက်အမှတ်-၂

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်ထုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိသည်။ ထိုပုစွန်ထုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ဖွားလာနိုင်မည်ဖြစ်သည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာ ရောက်သောကြောင့် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်ထုပ်အမကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ဖြင့် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချို ငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅"ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်သည်။

သို့ပါ၍ ရေချိုပုစွန်ထုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် ရေချိုပုစွန်ထုပ်ကြီးများကို နယုန်လကုန်အထိ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပြည်နယ်နှင့်တိုင်း ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း ကြေညာချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်နယ်နှင့်တိုင်းကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းကို ကြေညာချက်အမှတ်(၃/၂၀၁၀)ဖြင့် ၂၀၁၀ ပြည့်နှစ် ဧပြီ ၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါကြေညာချက်တွင် ၂၀၁၀ ပြည့်နှစ်အတွင်း လွှတ်တော်ရွေးကောက်ပွဲအသီးသီးကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(ဂ)ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းလိုက်ပြီး အဆိုပါပြည်နယ်နှင့်တိုင်း ကော်မရှင်အဖွဲ့ခွဲရုံးများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဤကြေညာချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ပြည်ထောင်စုရွေးကောက်ပွဲ ပြည်နယ်နှင့်တိုင်း ကော်မရှင်အဖွဲ့ခွဲ အသီးသီးသည် ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးမိုးလေဝသ အခြေအနေ ထုတ်ပြန်

နေပြည်တော် ဧပြီ ၇

ဧပြီ ၁ ရက်မှ ၆ ရက်အထိ ကာလအတွင်း မြန်မာနိုင်ငံအရပ်ရပ်၌ နေ့အပူချိန်များ သိသိသာသာ မြင့်တက်နေလျက်ရှိသည်။ လက်ရှိ မိုးလေဝသအခြေအနေ တိုင်းထွာချက်များအရ အဆိုပါပူပြင်းသော မိုးလေဝသအခြေအနေမှာ နောက်ခုနစ်ရက်ခန့်အထိ ဆက်လက်တည်ရှိနေနိုင်သည့်အပြင် လာမည့်သီတင်းပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသမှအပ ကျန်ဒေသများတွင် မိုးရွာသွန်းနိုင်မှုအခြေအနေနည်းပါးနေနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာ ကြေညာချက်များကို ၂၀၁၀ပြည့်နှစ် ဧပြီ ၇ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

ကြေညာချက်အမှတ် (၄/၂၀၁၀)ဖြင့် ကချင်ပြည်နယ်အတွင်းရှိ ပူတာအို၊ ဗန်းမော်၊ မိုးညှင်း၊ မြစ်ကြီးနားခရိုင်ကော်မရှင် အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅/၂၀၁၀)ဖြင့် ကယားပြည်နယ်အတွင်းရှိ ဘောလခဲ၊ လွိုင်ကော် ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၆/၂၀၁၀)ဖြင့် ကရင်ပြည်နယ်အတွင်းရှိ ကော့ကရိတ်၊ ဘားအံ၊ မြဝတီ ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၇/၂၀၁၀)ဖြင့် ချင်းပြည်နယ်အတွင်းရှိ ဖလမ်း၊ မင်းတပ် ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၈/၂၀၁၀)ဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ ကလေး၊ ကသာ၊ ခန္တီး၊ စစ်ကိုင်း၊ တမူး၊ မော်လိုက်၊ မုံရွာ၊ ရွှေဘို ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၉/၂၀၁၀)ဖြင့် တနင်္သာရီတိုင်းအတွင်းရှိ ကော့သောင်း၊ ထားဝယ်၊ မြိတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၀/၂၀၁၀)ဖြင့် ပဲခူးတိုင်းအတွင်းရှိ တောင်ငူ၊ ပဲခူး၊ ပြည်၊ သာယာဝတီ ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၁/၂၀၁၀)ဖြင့် မကွေးတိုင်းအတွင်းရှိ ဂန့်ဂေါ၊ ပခုက္ကူ၊ မကွေး၊ မင်းဘူး၊ သရက် ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၂/၂၀၁၀)ဖြင့် မန္တလေးတိုင်းအတွင်းရှိ ကျောက်ဆည်၊ ညောင်ဦး၊ နေပြည်တော်၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ မန္တလေး၊ မြင်းခြံ၊ ရမည်းသင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၃/၂၀၁၀)ဖြင့် မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ သထုံ ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၄/၂၀၁၀)ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူ၊ စစ်တွေ၊ မောင်တော၊ သံတွဲ ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၅/၂၀၁၀)ဖြင့် ရန်ကုန်တိုင်းအတွင်းရှိ ရန်ကုန်(တောင်ပိုင်း)၊ ရန်ကုန်(မြောက်ပိုင်း)၊ ရန်ကုန်(အနောက်ပိုင်း)၊ ရန်ကုန်(အရှေ့ပိုင်း)ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၆/၂၀၁၀)ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ လွိုင်လင်၊ လင်းခေး၊ ကျောက်မဲ၊ ကွမ်းလုံ၊ မူဆယ်၊ လားရှိုး၊ လောက်ကိုင်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းဖြတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲများကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၇/၂၀၁၀)ဖြင့် ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်၊ ဖျာပုံ၊ မအူပင်၊ မြောင်းမြ၊ လပွတ္တာ၊ ဟင်္သာတ ခရိုင်ကော်မရှင် အဖွဲ့ခွဲများကိုလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးများကို သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**